# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ်(၀၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဇန်းမော်ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထား

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာ ညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက်သို့ သွားရောက်၍ ဇန်းမော်ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်းမော်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဇန်းမော်ဆရာတော်ဘုရားကြီးအား တပ်မတော် (ကြည်း၊ ရေ၊ လေ)

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ


အကြမ်းဖက်သမားများအတွက် လားရာ ဒုဂ္ဂတိ အမြဲရှိ၏ — ဆောင်းပါး — စာ - ၁၀

အိန္ဒိယနိုင်ငံ ဒေလီ၌ ဆောင်းကာလဝင်ရောက်လာသောကြောင့် လေထုညစ်ညမ်းမှုများ စတင်မြင့်တက်လာ — နိုင်ငံတကာသတင်း — စာ - ၁၃

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးကြေညာ — ပြည်တွင်းသတင်း — စာ - ၂၁

# ဆီ နှစ်ဆီ ချွေတာခြင်းဖြင့်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိမိတို့နိုင်ငံ၏ စက်သုံးဆီတင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံရှိသည်။ ဒီဇယ်ဆီ၊ ဓာတ်ဆီ စသည့် စက်သုံးဆီများကို စက်ယန္တရားများ မောင်းနှင်ရာတွင် အသုံးပြုကြရာ အများစုမှာ မော်တော်ယာဉ်များတွင် အသုံးပြုကြခြင်းဖြစ်သည်။ ယခုအခါ မိမိတို့ နိုင်ငံတွင် မှတ်ပုံတင် မော်တော်ယာဉ်စီးရေ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ်စီးရေ ခြောက်သန်းခန့်ရှိနေရာ မြေပြင်အခြေအနေတွင် ယင်းထက်ပိုမည်မှာ သေချာသည်။ မှတ်သားဖွယ်အချက်မှာ လူဦးရေ ခုနစ်သန်းကျော်နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ကားစီးရေ ခုနစ်သိန်းကျော်ရှိနေသည့်အတွက် တစ်နိုင်ငံလုံးရှိ မော်တော်ယာဉ်စီးရေ၏ သုံးပုံနှစ်ပုံခန့် ရန်ကုန်တွင် တည်ရှိနေခြင်းပင်ဖြစ်သည်။

ကိုဗစ်-၁၉ မတိုင်မီကာလက ရန်ကုန်တွင် နေ့စဉ်ခရီးသည် ၁၈ သိန်းကျော် သွားလာကြပြီး ဝိုင်ဘီအက်စ် ယာဉ်လိုင်းပေါင်း ၁၀၀ ခန့်တွင် ယာဉ်စီးရေ ၄၀၀၀ ကျော်ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းသုံးယာဉ် ၁၇၀၀၀၀၊ ခရီးသည်တင်ယာဉ် ၆၃၀၀ ကျော်၊ တက္ကစီ ၆၂၀၀၀ ခန့်နှင့် အိမ်စီးယာဉ် ၂၆၀၀၀၀ ကျော်ရှိကြောင်း ၂၀၁၉ ခုနှစ်က စာရင်းများတွင် တွေ့ရသည်။ ယင်းအခြေအနေအရ ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ၊ ယာဉ်ရပ်နားရန်နေရာ ပြဿနာစသည်တို့ကို တွေ့ကြုံနေရပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရေး၊ ခေတ်မီအခပေး ယာဉ်ရပ်နားရန် နေရာများ တည်ဆောက်အကောင်အထည်ဖော်ရေး၊ မိသားစုတစ်စုတည်းတွင် အိမ်စီးယာဉ် တစ်စီးထက် ပိုမိုပိုင်ဆိုင်ထားပါက မိသားစုပေါင်း၍ စီးနင်းစေရေး၊ စက်ဘီးသုံးစွဲမှုကို အားပေးပြီး စက်ဘီးလမ်းများ ဖောက်လုပ်ပေးရေး စသည်တို့ကို မီဒီယာများမှတစ်ဆင့် အကြံပြုခဲ့ကြသည်တို့ကိုလည်း မှတ်သားခဲ့ရသည်။

ယခုအခါ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ မိမိတို့နိုင်ငံတွင် စက်သုံးဆီဈေးနှုန်းမှာလည်း ပုံမှန်ထက်နှစ်ဆခန့် မြင့်တက်လာသည်။ အဝေးပြေးကုန်စည်နှင့် ခရီးသည်တင်ယာဉ် ရထားလိုင်းများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေး မြို့တွင်းမြို့ပြင် ယာဉ်လိုင်းများ စသည်တို့မှာ နိုင်ငံအတွက် အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်ပြီး တက္ကစီနှင့် အိမ်စီးယာဉ်များမှာမူ အကန့်အသတ်ဖြင့် သုံးစွဲနိုင်မည်ဆိုပါက စက်သုံးဆီ လိုအပ်ချက်မြင့်မားနေမှုကို အထိုက်အလျောက် လျော့ပါးသက်သာစေမည်ဖြစ်သည်။ ကမ္ဘာတွင် လောင်စာစွမ်းအင် ချွေတာရေးကို အမေရိကန်ပြည်ထောင်စု၊ ဥရောပအစရှိသော ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်နေကြပြီး မော်တော်ယာဉ်များတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း သုညအခြေအနေအထိ လျှော့ချသွားရန်ပါ ရည်မှန်းဆောင်ရွက်နေကြကြောင်း နိုင်ငံတကာသတင်းများတွင် မကြာမကြာ တွေ့နေရပြီဖြစ်သည်။

မော်တော်ယာဉ်များ သုံးစွဲမှု တိုးတက်များပြားလာခြင်းသည် နိုင်ငံတွင် စီးပွားရေးအခြေအနေ တိုးတက်လာသည့် လက္ခဏာဟု ဆိုနိုင်သော်လည်း အခြားတစ်ဖက်တွင်မူ ပတ်ဝန်းကျင်ညစ်ညမ်းမှု တိုးလာစေသည့် ဘေးထွက်ဆိုးကျိုးရှိနေသည်။ အတတ်နိုင်ဆုံး မော်တော်ယာဉ်သုံးစွဲမှုကို လျှော့ချခြင်းက လောင်စာဆီ ချွေတာရာ ရောက်ပြီး မိမိအတွက် ကုန်ကျစရိတ်သက်သာစေသည့်အပြင် ကာဗွန်ထုတ်လုပ်မှု လျော့ကျစေသည့်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း နည်းပါးသွားစေသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို လူတိုင်းက လိုလိုလားလား သုံးစွဲလာနိုင်စေရန်မှာ ရေတိုတွင် စီမံခန့်ခွဲရေးနှင့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ရေရှည်တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ဖြည့်ဆည်းသွားရန် လိုအပ်သည်ဟု ယုံကြည်မိသည်။

စက်သုံးဆီနှင့် စားသုံးဆီဟူသော ဆီနှစ်ဆီ ချွေတာရေးအတွက် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းပြောကြားလျက်ရှိသည်။ ၎င်းဆီနှစ်ဆီကို အထိုက်အလျောက် ချွေတာနိုင်သည်နှင့်အမျှ နှစ်စဉ်ပြည်ပသို့ ပေးနေရသည့် နိုင်ငံခြားငွေ ဒေါ်လာသုံးဘီလီယံအနက်မှ အထိုက်အလျောက် လျော့ပါးသက်သာမည်။ များများချွေတာနိုင်ပါက များများသက်သာမည်။ ဆီအတွက် မကုန်ရတော့သည့် နိုင်ငံခြားငွေများကို နိုင်ငံတည်ဆောက်ရေးအတွက် အခြားနေရာများတွင် သုံးစွဲနိုင်သည်။ မိမိတို့အတွက်ရော နိုင်ငံအတွက်ပါ အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည့် ဆီနှစ်ဆီချွေတာရေးတွင် လူတိုင်း၊ အိမ်တိုင်း၊ မိသားစုတိုင်းက ပါဝင်ကျင့်သုံးနိုင်ကြပါစေကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၃ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Azitec 250MG ၁၅၀၀၀၊ Brucee Tablet ၂၈၀၀၊ Cerazone Plus 500MG Injection ၃၄၉၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Nasal Cannula ၄၀၀၀၀၊ Oxygen Concentrator ၃၀၊ Medical Device ၁၀၆၉၀၉ ခု၊ Oxygen Cylinders ၂၀၀၊ Oxygen Generator တစ်ခုနှင့် ဆေးဝါးမျိုးစုံ ၇၆ မျိုး (၂၁၅၈၂၄ ဒသမ ၁၉) Kg။

နယ်စပ်မြဝတီ၊ ချင်းရွှေဟော်တွင် ကုမ္ပဏီငါးခုမှ Disposable Syring ၂၅၉၇၄ ခု၊ Infusion ၁၂၈၄၀၊ Paiome III Capsule ၃၀၀၀၀၊ Paracetamol Tablet ၉၃၀၊ Pai Vc Injection ၂၂၈၄၀၊ Pai VC 500 Table ၇၀၀၀၀၊ Ceftriaxone Sodium For Injection ၆၀၀၀၀၊ Vitamin C Tablets ၈၂၉၂၀၊ Sai Persantion Tablet ၂၅၀၀၀၊ Pai Dexa Tab-5 ၂၉၄၀၀၊ Paracetamol Tablet ၆၁၈၀၊ Sai B12 Injection ၁၆၅၂၀၀၊ Compound Sodium Chloride Injection ၆၃၇၂၀၊ Glucose and Sodium Chloride Injection ၂၆၁၀၉၀၊ Cefotaxime Sodium for Injection ၁၁၂၄၀၀၊ Pai B Plex Injection ၂၀၀၀၀၊ Pai Diclo Injection ၄၅၈၄၈၀၊ Disposable Gloves ၉၄၆၄ Kg၊ Digital Blood Pressure ၂၀၀၀၊ Disposable Face Mask ၄၉၀၀ Kg တို့ကို ထုတ်ပေးခဲ့သည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃-၁၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 9 | PO - Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 10 | P.O - Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၃

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၃၉)ကို နိုဝင်ဘာ ၅ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၃၉)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ (၅၊ ၆ ၊ ၇ ) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## တေးဆိုတူပြိုင် လတန်ဆောင်တိုင် တေးဂီတဖျော်ဖြေမှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် နိုဝင်ဘာ ၃




"တေးဆိုတူပြိုင် လတန်ဆောင်တိုင်" တေးဂီတဖျော်ဖြေမှု ပွဲစဉ် (၁)ကို နိုဝင်ဘာ ၅ ရက် သောကြာနေ့ ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ဧည့်ဝတီကျော်ဝင်း တေးဂီတ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ ဘုန်းသစ်၊ ဆောင်းအိန္ဒြေထွန်း၊ ပန်တလျှံကေရီ၊ သစ်နေစ၊ ခိုင်သိင်္ဂီမော်၊ မင်းခန့်ကျော်၊ လင်းနေနှင့် သွယ်သွယ်သိမ့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

❖ *ရှေ့ဖုံးမှ*

မိသားစုများက လှူဒါန်းသည့် ပရိက္ခရာ (၈)ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော် အိတ် ၁၀၀၊ ပဲ ၁၀ အိတ်၊ ဆီပိဿာ ၁၀၀၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## လမ်းညွှန်ဩဝါဒကို ခံယူ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗန်းမော်ဆရာတော်ဘုရားကြီးထံ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသ တိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့် အခြေအနေ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံကျမ်းစာမြတ်ကိုပါ တစ်ပါတည်း ဖူးမြော်ကြည်ညိုပူဇော်နိုင်ရေးနှင့် ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးအတွက် ပိဋကတ်ကျောက်စာများ တည်ထားဆောင်ရွက်မည့် အခြေအနေ၊ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများသည် ယခင်ကမြန်မာ အက္ခရာဖြင့်သာရှိခဲ့သဖြင့် ကမ္ဘာ၌ ပိုမိုတွင်ကျယ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ်ဟောင်း အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အရှင်သီလာနန္ဒာဘိဝံသ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး ၅ ပါးက ကြီးကြပ်ကွပ်ကဲ၍ ရောမအက္ခရာဟုခေါ်သည့် အင်္ဂလိပ်အက္ခရာဖြင့်ဖလှယ်၍ ပုံနှိပ်ထုတ်ဝေနိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ အဆိုပါ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိ အက္ခရာ၊ ရောမအက္ခရာဟုခေါ်သည့် အင်္ဂလိပ်အက္ခရာတို့ဖြင့် ရေးထိုးပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား အကွက်ချပုံစံများ၊ ကျောက်စာတိုက်နှင့် ကျောက်စာချပ် နမူနာပုံစံငယ်များဖြင့် တင်ပြလျှောက်ထားကာ ဆရာတော်ဘုရားကြီးထံမှ လမ်းညွှန်ဩဝါဒကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ပရိက္ခရာ (၈) ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော် အိတ် ၂၀၊ ပဲ ၅ အိတ်၊ ဆီ ပိဿာ ၅၀၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော် မြတ်စွာဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီးပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ရေးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်သည်။

## ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မင်းနေပြည်တော် ဘုရားဖြစ်သဖြင့် ဘုရားဖူးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရေး စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးရှိရှေးလက်ရာ တံခါးကြီးများအား ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်တော်အတွင်းရှိ သီဟိုဠ်စွယ်တော်ကြုတ်ပုံ အုတ်ပြာသာဒ် တစ်ခုစီအတွင်း၌ ပိဋကတ်သုံးပုံ ကျောက်စာချပ်များအား ဘုရားဖူးလာသူများ စိတ်အေးချမ်းသာစွာ လေ့လာဖူးမြော်နိုင်ရေးအတွက် ဘုရားရင်ပြင်တော်နှင့် ဥယျာဉ်တော်ပတ်လမ်းအား နေပူခံကျောက်ပြားများ ခင်းကျင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောက်စာတိုက်များနှင့် ကျောက်စာချပ်များ၏ သန့်ရှင်းသပ်ရပ်ရေးနှင့် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် သန့်ရှင်းရေး ပြန်လည်ပြုလုပ်ရန်လိုပြီး အများပြည်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ကျောက်စာတိုက်နှင့် ကျောက်စာချပ်များကို မှတ်တမ်းစာအုပ်ပြုစု ထားရှိရန်လိုကြောင်း၊ စေတီတော်ကြီး၏ ပုံစံငယ်များ အများပြည်သူများ လေ့လာနိုင်ရေးအတွက် ခေတ်မီပုံစံငယ်အဖြစ် ပြန်လည်ပြုလုပ်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော် ဩဝါဒါစရိယ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် သတ်မှတ်

အဆိုပါ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော် မြတ်စွာဘုရားကြီးကို ၁၈၅၂ ခုနှစ်တွင် နန်းတက်သည့် မင်းတုန်းမင်းတရားကြီးက ဦးစီးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာ သာသနာတော် ရှည်ကြာစွာ တည်တံ့ထွန်းလင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုသိုလ်တော်မြတ်စွာ ဘုရားကြီး၌ ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ်ရှိပြီး ၁၈၆၈ ခုနှစ်တွင် ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းတစ်ခုလုံးကို ကမ္ဗည်းအက္ခရာ တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာချပ် တစ်ချပ်ချင်းစီကို ကျောက်စာရုံများအတွင်း၌ ထားရှိခဲ့ပြီး ယနေ့တိုင်တည်ရှိနေဆဲဖြစ်ကာ ကျောက်စာချပ်များသည် ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရကြောင်းနှင့် ကုသိုလ်တော်မြတ်စွာဘုရားကြီးနှင့် ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ကျောက်စာချပ်များ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ခေတ်အဆက်ဆက် စနစ်တကျ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အတန်းပညာမှ အသိပညာ ဥာဏ်ပညာ ဥာဏ်ရည်များ ... 

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အခြေခံမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### ဖြည့်ဆည်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ရေးအလယ်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ကျောင်းရန်ပုံငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို ပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်း ပြန်လည် ပြုပြင်မွမ်းမံနိုင်ရေး အတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### အားလုံးဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျောင်းခန်းမဆောင်၌ ချမ်းအေးသာစံမြို့နယ်ရှိ အခြေခံမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းအုပ်များအား တွေ့ဆုံ၍ ကလေးငယ်များ ပညာသင်ကြားသည့်အရွယ်တွင် အတန်းပညာများ သင်ကြားရေးဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံပညာသည် အရေးကြီးသဖြင့် ကျောင်းသားကျောင်းသူများ အခြေခံစာပေများအား တတ်ကျွမ်းသည်အထိ အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသိအမြင်များကို ပြုပြင်ပေးနိုင်ရေး အတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများ သပ်ရပ်သန့်ရှင်းမှုရှိစေရေးနှင့် စာသင်ခုံများ စနစ်တကျရှိစေရေး၊ အမှိုက်များအား စနစ်တကျစွန့်ပစ်သည့် ကောင်းမွန်သည့် အလေ့အကျင့်ရှိစေရေး သင်ကြားကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာမှ အသိပညာဥာဏ်ပညာ... အတတ်ပညာများရှိမှသာ ကျောင်းသားကျောင်းသူများ၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည့်အတွက် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ ကျောင်းများသည် အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာဘောလုံးကွင်း၌ အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

- အားကစားကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် အားကစားကွင်းများ ကောင်းမွန်ရမည်
- အဆင့်မြှင့်တင်ရာတွင် အားကစားသမားများအတွက် အနားယူရန် နေရာများ၊ ကွင်းအတွင်းသို့ ဝင်ရောက်နိုင်မည့် လမ်းကြောင်းများကို တွက်ချက်ထည့်သွင်း
- ပွဲကြည့်စင်များကိုလည်း ကြည့်ရှုသူပရိသတ် အရေအတွက်နှင့် ကိုက်ညီစွာ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်မည့်ပုံစံများဖြင့် ဆောင်ရွက်သွားရန်လို

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ ဘောလုံးကွင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း တို့သို့ သွားရောက်၍ အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ထပ်မံတိုးချဲ့ဆောက်လုပ်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကဏ္ဍအဆင့်မြှင့်တင်နိုင်ရေးအတွက် အားကစားကွင်းများ ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ရာတွင် အားကစားသမားများအတွက် အနားယူရန် နေရာများ၊ ကွင်းအတွင်းသို့ ဝင်ရောက်နိုင်မည့် လမ်းကြောင်းများကို တွက်ချက်ထည့်သွင်းရန်လိုကြောင်း၊ ပွဲကြည့်စင်များကိုလည်း ကြည့်ရှုသူပရိသတ် အရေအတွက်နှင့် ကိုက်ညီစွာ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်မည့် ပုံစံများဖြင့် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ကြိုဆိုနှုတ်ဆက်

ဆက်လက်ပြီး ညနေပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေ မြို့နယ်ရှိ မန္တလေးတက္ကသိုလ် ပင်မစာကြည့်တိုက်ကြီးသို့ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းနှင့် ဒုတိယ ပါမောက္ခချုပ်များ၊ စာကြည့်တိုက်မှူး ဒေါ်အေးအေးစိုးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စာကြည့်တိုက်အတွင်း ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ စာအုပ်စာပေများ ခင်းကျင်းထားရှိမှု၊ ပေ၊ ပုရပိုက်စာများ ထိန်းသိမ်းထားရှိမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိသည့် Human Rights Resource Centre၊ E–Library နှင့် CMU Corner ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ ပါမောက္ခချုပ်နှင့် စာကြည့်တိုက်မှူးတို့က လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အောင်မြေသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

### လေ့ကျင့်ပေးသွားရန်လို

ရှင်းလင်း ပြသမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို ပေးစွမ်းနိုင်သည် ဖြစ်သဖြင့် စာကောင်းပေမွန်များကို ထားရှိရန်လိုအပ်ကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် စာပေဖတ်ရှုလေ့လာခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လေ့လာဖတ်ရှုခြင်းများအပြင် library system များ၊ စည်းကမ်းများကို တိကျစွာလိုက်နာစေခြင်း မှတစ်ဆင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ဘဝတစ်လျှောက်လုံးကို systematically ကျစွာလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ စာကြည့်တိုက်ရှိ အဖိုးတန် စာကောင်းပေမွန်များ၊ ကျမ်းစာ၊ ပုရပိုက်စာများကို ရေရှည် ထိန်းသိမ်းနိုင်ရေးနှင့် လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေး နည်းပညာအကူအညီဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စာကြည့်တိုက်နှင့် စာအုပ်စာစောင်များကို ရေရှည်တည်တံ့မှုရှိစေရေး ထိန်းသိမ်းမှု ပုံစံစနစ်ကျနရန်လိုကြောင်း၊ ဥစ္စာမှာ ကုန်ဆုံး သွားနိုင်သော်လည်း ပညာဟူသည် တစ်သက်စားမကုန်သည့် ပဒေသာပင်ဖြစ်သည့်အတွက် လူငယ်များ ပညာတတ်မြောက်ရေး မြေတောင်မြှောက်ပေးရန် လိုကြောင်းဖြင့် မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ပင်မစာကြည့်တိုက်အတွင်း ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ စာအုပ်စာပေများ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြား

## မန္တလေးမြို့အတွင်း ဘတ်စ်ကားလိုင်းများ၊ မြို့ပတ်ရထားများ ပြေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တွေ့ဆုံမှာကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မြို့တော်သန့်ရှင်းသာယာလှပရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် နေရာများစွာရှိကြောင်း၊ မြို့တော်စည်ပင်သာယာနှင့် ဆက်စပ် မြို့နယ်များတွင် စိုက်ပျိုးမွေးမြူရေး အထူးပြုလုပ်ငန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဆင့်မြင့်ထုတ်ကုန်လုပ်ငန်းအထိ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မန္တလေးမြို့အတွင်း ယာဉ်စည်းကမ်းကောင်းမွန်စေရေး၊ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မန္တလေးသည် မြို့တော်ဟောင်းဖြစ်ပြီး မြို့စတည်ချိန်၌ စနစ်တကျဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပြီး ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း ထွက်ရှိသော ကုန်ကြမ်းကို ဒေသအလိုက် အပြန်အလှန်အထောက်အကူပြုကာ ထိရောက်စွာအသုံးချ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဆောင်ရွက်ရာတွင် mass production အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများအား ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် မြေဩဇာများ လိုအပ်ချက်ရှိသဖြင့် လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုနှင့် အလှပန်းပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိမှုအခြေအနေ၊ ဧရာဝတီမြစ်ကမ်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသာယာမှုရှိစေရေးအတွက် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ၊ မန္တလေးမြို့ပြ တိုးချဲ့ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါလာကြသည့် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

### မျိုးကောင်းမျိုးသန့်များ မွေးမြူရန်လို

ဆွေးနွေး တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝမြေဩဇာထုတ်လုပ်နိုင်သည့် အခြေခံကောင်းများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းဖြစ်သည့် ကြက်ချေး၊ နွားချေး၊ ဝက်ချေးများမှ စိုက်ပျိုးရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်သည့် သဘာဝမြေဩဇာရရှိနိုင်သည့်အတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျမွေးမြူရန်နှင့် မျိုးကောင်းမျိုးသန့်များကို မွေးမြူရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း ဓာတ်မြေဩဇာ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်ချက်ပြည့်မီမှု မရှိသေးသဖြင့် သဘာဝမြေဩဇာများ၊ အီးအမ်ဘိုကာချီများ အသုံးပြုနိုင်ရေး အစိုးရမှဦးဆောင်၍ ကျေးလက်ဒေသများအထိ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ထိရောက်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူရေးစနစ်မှ နည်းပညာအထောက်အကူရယူ၍ အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများအား စနစ်တကျဖြင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်၍ နိုင်ငံ၏ ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လိုသဖြင့် ဝါစိုက်ပျိုးမှုအား စံပြဖြစ်အောင် စိုက်ပျိုးကြရန်လိုကြောင်း။

ယာဉ်လမ်းကြောင်းများနှင့် လမ်းညွှန်အမှတ်အသားများအား စနစ်တကျရေးဆွဲရန်လိုသကဲ့သို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ရာတွင် စည်းကမ်းဖောက်ဖျက်သည့်သူများအား ထိရောက်စွာအရေးယူ ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းဘေးပလက်ဖောင်းများအား စနစ်တကျတည်ဆောက်ရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် Public Transportation လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပတ်ရထားလမ်းတည်ဆောက်ရေးနှင့် နောင်တစ်ချိန်တွင် မြေအောက်မြို့ပတ်ရထားလမ်းတည်ဆောက်နိုင်ရေးအထိ ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ Public Transportation လုပ်ငန်းများအား ဆောင်ရွက်နိုင်မည်ဆိုပါက ကိုယ်ပိုင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သုံးစွဲမှုလျှော့ချနိုင်မည်ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းခန့်ရှိကြောင်း၊ တစ်ရက်လျှင် ကားတစ်စီး ဆီတစ်ပုလင်း၊ မော်တော်ဆိုင်ကယ်တစ်စီး နို့ဆီဘူးတစ်ဘူးခန့်သုံးပါက နေ့စဉ် ဆီမည်မျှကုန်ကျနေမည်ကို တွက်နိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးများစွာအသုံးပြုနေရသဖြင့် သွားလာပို့ဆောင်ရေးတွင် ဆီသုံးစွဲမှုလျှော့ချရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့အတွင်း ဘတ်စ်ကားလိုင်းများ၊ မြို့ပတ်ရထားများ ပြေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Public Transportation များအား လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ထား လုပ်ဆောင်ရန်နှင့်

*စာမျက်နှာ ၇ သို့*

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေး ရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ''ပညာပြည့်ဝ၊ နှလုံးလှသော'' နိုင်ငံရေး ရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၆ မှ*

လျှပ်စစ်ဓာတ်အားကို အသုံးပြုခြင်းဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်ရေးသည် ပြည်သူများအတွက် အဓိက လိုအပ်ချက်ဖြစ်သဖြင့် ပြည်တွင်းသယ်ယူပို့ဆောင်မှုနှင့် ခရီးသွားလာမှုများအား ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ခရီးသွားလာမှုနှင့်ပတ်သက်၍ အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

ရောဝတီမြစ်ကမ်း ပြိုကျပျက်စီးမှုထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန်နှင့် ရောဝတီမြစ်ကမ်းတစ်လျှောက်တွင် ခရီးသွားများ လာရောက်နိုင်သည့်နေရာများ တည်ဆောက်ရန်လိုကြောင်း၊ မန္တလေးမြို့အတွက် သုံးရေဖူလုံစွာရရှိရေး မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ရေသန့်စနစ်ကို အသုံးပြု၍ သန့်ရှင်းသည့်ရေများရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ဆောင်ရာတွင် သယ်ယူပို့ဆောင်ရေးအတွက် အဓိကထား စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

- ❑ **မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းခန့်ရှိ**
- ❑ **တစ်ရက်လျှင် ကားတစ်စီး ဆီတစ်ပုလင်း၊ မော်တော်ဆိုင်ကယ်တစ်စီး နို့ဆီဘူးတစ်ဘူးခန့်သုံးပါက နေ့စဉ် ဆီမည်မျှ ကုန်ကျနေမည်ကို တွက်နိုင်**
- ❑ **နိုင်ငံခြားငွေကြေးများစွာအသုံးပြုနေရသဖြင့် သွားလာပို့ဆောင်ရေးတွင် ဆီသုံးစွဲမှုလျှော့ချရန် ကြိုးစားရမည်**
- ❑ **မန္တလေးမြို့အတွက် သုံးရေဖူလုံစွာရရှိရေး မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လို**

### စိုက်ပျိုးရေးချေးငွေများ မှန်ကန်စွာ သုံးရန်

စိုက်ပျိုးရေးချေးငွေနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် စိုက်ပျိုးရေးချေးငွေများအား မှန်ကန်စွာအသုံးချရန်နှင့် သတ်မှတ်လုပ်ငန်းခွင်တွင်သာ အသုံးပြုရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးထုတ်ကုန်များအား အထွက်နှုန်း တိုးအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဝမ်းစာဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်စေရေးအတွက် တောင်သူများက ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့်လည်း ထောက်ပံ့ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မန္တလေးမြို့တော်အတွင်း သစ်ပင်များ စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကို ထိန်းသိမ်းနိုင်ကြောင်း၊ အလားတူ ကျေးလက်ဒေသများတွင်လည်း ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသများတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် အိမ်သုံးဆိုလာစနစ်အား အသုံးပြုနိုင်မည်ဆိုပါက လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း လူထုအားကစားကို စံပြအဖြစ် ဆောင်ရွက်ရန်လိုကြောင်း၊ မန္တလေးမြို့ရှိ ပြည်သူများသည် စည်းလုံးမှုရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း အားကစားကွင်းများ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

### တိုင်းရင်းသားအားလုံး စုစည်းညီညွတ်ရန်လို

တိုင်းရင်းသားယဉ်ကျေးမှု စာပေနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အသိအမှတ်ပြု အားပေးပါကြောင်း၊ လူမျိုးတူချင်းသာမက တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် စုစည်းညီညွတ်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဆောင်ရွက်ဆဲအမှုများ အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်သည့်လုပ်ငန်းများကို မှတ်ကျောက်တင်နိုင်သည်အထိ လုပ်ဆောင်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ် ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**သံဖြူဇရပ် နိုဝင်ဘာ ၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြင့် သံဖြူဇရပ် မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခု ခြောက်လဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာသူကျေးရွာသားများအားလုံး ပါဝင်ပြီး ကျေးရွာ၏ ပကတိလိုအပ်ချက်များဖြစ်သည့် လမ်း၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးနှင့် အခြေခံအဆောက်အအုံစသည့် လုပ်ငန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ နှစ်ကိုင်းကျေးရွာ၊ ဝတ်ဖြူကျေးရွာ၊ ကော့လေးကျေးရွာနှင့် ဝဲဟတာကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် ကုန်စိမ်းနှင့် သားငါးယာယီဈေးရှိ ဈေးသူ၊ ဈေးသား ၁၂၃ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT ဖြင့် အခမဲ့စစ်ဆေးပေးခြင်းကို နိုဝင်ဘာ ၃ ရက်တွင် ဟော်နန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး (၁၅/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၁)အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်ကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ယင်းနောက် အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၁)တွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းတို့က ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြ၊ ဆရာ၊ ဆရာမများကို နိုဝင်ဘာ ၈ ရက်မှစတင်ကာ တာဝန်ကျရာတက္ကသိုလ်အသီးသီးတွင် မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတက္ကသိုလ် အင်းဝဆောင်ခန်းမ၌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာန မှူး) များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာ ၇ ရက်တွင် ကျင်းပခဲ့သည့် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပညာရေးကဏ္ဍ မြင့်မားရေးအတွက် တက္ကသိုလ်/ ကောလိပ်ကျောင်းများကို အရည်အသွေးရှိအောင် ဆောင်ရွက်ရန်နှင့် စာကြည့်တိုက်များကိုလည်း စနစ်တကျ အဆင့်မြှင့်တင်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ သင်ကြားသင်ယူရေးနှင့် သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန် တက္ကသိုလ်စာကြည့်တိုက်များတွင် စာကြည့်တိုက်မှူး၊ လက်ထောက် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက် အရာထမ်း အမှုထမ်းများ ပြည့်စုံအောင် ခန့်ထားရေး၊ စာအုပ်စာတမ်းများ၊ ပရိဘောဂများပြည့်စုံစွာဖြည့်တင်းရေး၊ ဒစ်ဂျစ်တယ် စာကြည့်တိုက်စနစ်သို့ အဆင့်ဆင့် ကူးပြောင်းရေးနှင့် စာဖတ်သူများ၊ စာငှားသူများ စာကြည့်တိုက်ကို စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သောရန်ပုံငွေများကို ဖြည့်ဆည်းပေးလျက် ရှိပါကြောင်း၊ မကြာမီ တက္ကသိုလ်များ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြ၊ ဆရာ၊ ဆရာမများကို နိုဝင်ဘာ ၈ ရက်မှ စတင်ကာ တာဝန်ကျရာတက္ကသိုလ် အသီးသီးတွင် သင်ပြနည်းဆိုင်ရာ ပညာရေးဘာသာရပ် သုံးခုနှင့် ဌာနတွင်းဘာသာရပ် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးရာတွင်လည်း စေတနာထား၍ လေ့ကျင့်ပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ရာထူးအဆင့်ဆင့်တွင် ရာထူးတိုးမြှင့်ခန့်ထားပေးလျက်ရှိရာ ရာထူးအလိုက် ရှိသင့်သော အရည်အသွေးကောင်းများကို အမြဲမပြတ် ဆည်းပူးလေ့လာ မြှင့်တင်နေကြရမည် ဖြစ်ပါကြောင်း၊ သုတေသနသုံး၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရေးအတွက် ရန်ပုံငွေများ တောင်းခံကာ ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရာထူးတိုးမြှင့်ခန့်ထားသော ဆရာ ဆရာမများနှင့် အသစ်ခန့်ထားသော နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၀၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၂၄၇ ဦး စုစုပေါင်း ၄၉၆ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။



ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

# ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်းသစ် ၁၃ ခုကို ခွင့်ပြု ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၉၇၂ နေရာကို ဖန်တီးပေးနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်သည်။ **(ယာပုံ)**

ယခုအစည်းအဝေးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(ကာလတို)၏ ပထမဆုံး အစည်းအဝေးဖြစ်ပြီး ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် ၁၃ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၀၄ ဒသမ ၈၃၈ သန်းနှင့် ကျပ်သန်း ၂၂၅၅၂၀ ဒသမ ၀၁၅ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၉၇၂ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအရ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပြီး ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများရှိနေချိန်တွင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၃ ဒသမ ၈ ဘီလီယံနီးပါးအထိ ဝင်ရောက်ခဲ့ပြီး လျာထားချက်၏ ၆၅ ရာခိုင်နှုန်းကျော်ရရှိခဲ့သည်။



၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကာလတို ကာလရှည် ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများ ကူညီပံ့ပိုးပေးနိုင်မှုဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကာလတို ကာလရှည် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ၊ တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ကူညီပေးနိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနအပိုင်းနှင့် တိုင်းဒေသကြီးအစိုးရအပိုင်းတို့မှ ကူညီပံ့ပိုးပေးနိုင်မှုကို ဆွေးနွေးခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကုလားမကြီးကျေးရွာရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးခြံ၌ ဖရီရှန်နွားမျိုးများ မွေးမြူထားရှိမှုနှင့် ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် စံချိန်စံညွှန်းမီ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ကျောက်တံခါး၊ တောင်ရေ၊ ကြက်မောက်တောင် ရေလှောင်တမံများ၏ ဆက်သွယ်မြောင်းဥမင်ကို လည်းကောင်း၊ ကြက်မောက်တောင် ရေလှောင်တမံ ရေဝင်ရောက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးရေးနှင့် အခြားလျာထားသီးနှံများ စိုက်ပျိုးရေဖူလုံစွာပေးဝေရေး၊ နိုင်ငံတစ်ဝန်းရှိရေလှောင်တမံအများစု၏ ယခုနှစ်ဝင်ရေ စုဆောင်းရရှိမှုမှာ ယမန်နှစ်များကထက် ပိုမိုတိုးတက်စုဆောင်းထားနိုင်လျက်ရှိမှုအပေါ် အလေအလွင့်မရှိ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်လိုအပ်ချက်များကို တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် (၅၅)နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၃၀၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၀၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၆၁၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၃၅၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၈၅၀၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၇၈၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၃၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ ဒေသခံပြည်သူ ၇၈၄၀ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၁၁၃၈ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၃၀၃၂ ဦးနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၀၉ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများအတွက် လားရာ ဒုဂ္ဂတိ အမြဲရှိ၏

မောင်သမ္မာဒိဋ္ဌိ

(၁)

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားရှင်သည် ရှင်ဒေဝဒတ်အား ရဟန်းသံဃာတော်တို့ကို ဦးဆောင်အုပ်ချုပ်စီမံခွင့် လုံးဝ မပေးအပ်ခဲ့ပါ။ သစ်ပင်တို့သည် အမြစ်ပျက်စီးနေပါက ရှင်သန်ခွင့် လုံးဝမရှိတော့ပါ။ ရှင်ဒေဝဒတ်သည် မြတ်ဗုဒ္ဓအား မင်းသူဌေးသူကြွယ် ဒါယကာများ ပေါ်များသည်ကို မနာလိုသကဲ့သို့ ဘုရားရှင်ကဲ့သို့ပင် ဒါယကာအလှူရှင်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ပေါများလို၏။ သူသာလျှင် ဘုရားတစ်ဆူ လုပ်လို၏။ ထို့ကြောင့် မြတ်ဗုဒ္ဓအား – "အို အရှင်ဗုဒ္ဓ၊ သင်ကား အိုမင်းရင့်ရော်နေပါပြီ။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် ရဟန်းသံဃာတော်များကို ဦးဆောင်အုပ်ချုပ်သွားပါမည်။ ကျွန်ုပ်အား အုပ်ချုပ်ခွင့် လွှဲအပ်ပေးပါ"ဟု တောင်းဆိုခဲ့သည်။ သို့ရာတွင် မြတ်ဗုဒ္ဓက ရှင်ဒေဝဒတ်ကြောင့် ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးမည်ကို သိထားတော်မူ၍ ဒေဝဒတ်အား လုံးဝ မလွှဲအပ်ခဲ့ပါ။

## မြတ်ဗုဒ္ဓအားလုပ်ကြံရန် ကြံစည်

ထိုအခါ ဒေဝဒတ်သည် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်အား အကြမ်းဖက်နည်းများစွာဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြံစည် စီမံလေတော့သည်။ သို့သောအခါ သောတာပန် သူတော်စင် သာသနာ့ဒါယကာ ဗိမ္ဗိသာရမင်းကြီး၏ သားတော် အာဏာဆာလောင်ရူးသွပ်သူ အဇာတသတ်မင်းသားကို သွားတွေ့၏။ အရိယာသူတော်ကောင်းကြီး ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံမှ ရှင်ဘုရင်အမြန်ဆုံးဖြစ်မည်ဟု စည်းရုံးသိမ်းသွင်းကာ အဇာတသတ်အား သတ်စေ၏။ သို့မှသာ ဂေါတမကို လုပ်ကြံဖို့ ပိုမိုအဆင်ပြေမည်ဟု ဒေဝဒတ်က တွက်ဆထားခဲ့သည်။

ကျေးဇူးရှင် ဖခမည်းတော်အား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ကာ ဘုရင်ဖြစ်လာသည့် အဇာတသတ်၏ အကူအညီရယူကာ နန်းတော်တွင်းမှ လေးသည်တော်များကို မြတ်ဗုဒ္ဓအား ပစ်ခတ်လုပ်ကြံသတ်ဖြတ်စေခဲ့၏။ မအောင်မြင်သောအခါ ရှင်ဒေဝဒတ်ကိုယ်တိုင် မြတ်ဗုဒ္ဓ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွနေစဉ် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးများကို လှိမ့်ချပြီး သတ်စေခဲ့သော်လည်း မအောင်မြင်ခဲ့ပြန်ပေ။ ဤသို့ဖြင့် မကျေနပ်၍ နာဠာဂီရိ ဆင်ပြောင်ကြီးကို အရက်သေစာများတိုက်ပြီး မြတ်ဗုဒ္ဓဆွမ်းခံကြွနေတော်မူစဉ် အနင်းခိုင်း၍ သတ်ဖြတ်စေခဲ့သော်လည်း လုံးဝမအောင်မြင်ခဲ့ပေ။

ရှင်ဒေဝဒတ်သည် မြတ်ဗုဒ္ဓထံမှ ရဟန်းသံဃာတော် များကို လွှဲပြောင်းအုပ်ချုပ်စီမံရန် (၃)ကြိမ်တိုင်တိုင် တောင်းဆိုခဲ့သော်လည်း မြတ်ဗုဒ္ဓက– "ရှင်ဒေဝဒတ်၊ ငါဘုရားသည် ငါ၏ လက်ယာလက်ရုံးတော်၊ လက်ဝဲလက်ရုံးတော်များဖြစ်ကြသည့် အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်သူမြတ်များနှင့် သူတော်စင်အရိယာ ရဟန်းသံဃာတော်များကို သင့်အား လုံးဝ လွှဲအပ်ပေးမည်မဟုတ်၊ တံတွေး အညစ်အကြေးနှင့် တူလှသော သင်၏ ပစ္စည်းဥစ္စာ အဆောင်အယောင်များဖြင့် သာယာပျော်မွေ့နေသည့် သင်၏ကိုယ်ကျင့်သီလတု သီလယောင်ကြောင့် သင်နှင့်လုံးဝ မထိုက်တန်"ဟု တိကျပြတ်သားစွာ မိန့်တော်မူခဲ့သည်။

## အဝီစိငရဲသို့ ကျရောက်သွားရှာ

ဤသည်ကို အငြိုးထားပြီး မြတ်ဗုဒ္ဓအား အကြိမ်ကြိမ်လုပ်ကြံသတ်ဖြတ်ခဲ့ရာ အဇာတသတ်သည်ပင်လျှင် ဆရာတင်မိခဲ့သူ ရှင်ဒေဝဒတ်အား အဆက်အသွယ် ဖြတ်ပစ်လိုက်တော့သည်။ နောက်ဆုံးတွင် ရှင်ဒေဝဒတ်သည် အကြံကုန်ဂဠုန်ဆားချက်သည့်ပမာ မြတ်ဗုဒ္ဓ၏ ရဟန်းသံဃာတော်များကို မဟုတ်မမှန် ဆွဲဆောင်မှုနည်းဖြင့် သွေးကွဲအောင် ဂိုဏ်းခွဲခဲ့ပြန်သည်။ ရှင်ဒေဝဒတ်၏ သွေးဆောင်ဖြားယောင်းရာသို့ နားယောင်လိုက်ပါသွားမိခဲ့ကြသော ရဟန်းအချို့ကို ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့က လိုက်လံပြီး တရားဟောပြော ရှင်းလင်းတော်မူမှသာ အမြင်မှန်ရကာ မြတ်ဗုဒ္ဓ၏ ဝေဠုဝန် ကျောင်းတော်သို့ ပြန်လည်လိုက်ပါလာခဲ့ကြသည်။ ထိုအခါ ရှင်ဒေဝဒတ်သည် ကာလရှည်ကြာ သွေးအန် ဝေဒနာခံစားရရှာပြီး နောင်တတရားကြီးစွာရရှိကာ မြတ်ဗုဒ္ဓထံ ဝန်ချကန်တော့တောင်းပန်ရန် သွားရောက်ခဲ့ရာ လမ်းခုလတ်မှာပင် မဟာပထဝီမြေသားပြင်သည် ဟက်တက်ကွဲ၍ မြေမျိုခံရကာ မဟာ အဝီစိငရဲသို့ ကျရောက်သွားရှာရလေတော့သည်။

> ❐ **အကြမ်းဖက်သမားများသည် အာဏာအဆိပ် ငယ်ထိပ်တက်နေသောကြောင့် လူစိတ်ပျောက်ကာ အဟိတ်တိရစ္ဆာန်စိတ်ထက် ဆိုးရွားသော ဒုစရိုက်ပြစ်မှုများ ပြုလုပ်နေသည်ကို မကြားဝံ့မနာသာအောင် သိနေရ၊ ကြားနေရသည်။ ထိုအကြမ်းဖက် မသူတော်မှန်သမျှတို့သည်ကား ဘယ်သူမပြုမိမိမှု၊ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို တရားဥပဒေ၏ ပြစ်ဒဏ်ကို ခံရင်ခံရ၊ မခံရလျှင် ကိုယ့်ကာယကံ ကိုယ့်ထံပြန်ဆိုသကဲ့သို့ ပြည်သူကပေးသော ပြစ်ဒဏ်နှင့် အကုသလဝိပတ်က လူသွားရာ အရိပ်ပါသလို ဆိုးကျိုးအမြဲပေးမည်မှာ မြေကြီးလက်ခတ် မလွဲပါ**

(၂)

## တပ်နှင့်ပြိုင်၍ မဖြစ်နိုင်

တပ်မတော်သည် လူအင်အား၊ လက်နက်အင်အား အမြဲသာစမြဲဖြစ်သည်။ ခဲယမ်းမီး ကျောက်အားလုံးပြည့်စုံသည်။ သယ်ယူပို့ဆောင်ရေးမှာလည်း သူတို့ကို လိုက်၍မရနိုင်၊ တပ်အင်အားကို ရင်ဆိုင်ယှဉ်ပြိုင်မည့် ဒီမိုကရေစီဘက်တော်သားများမည်မျှ သတ္တိရှိစေကာမူ တပ်နှင့်ပြိုင်၍ မဖြစ်နိုင်ပါ။

ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်လျှင်လည်း ဒီမိုကရေစီလုံးဝမရနိုင်ပါ။ ပြောက်ကျားစစ်သည် အဖြေမှန်မဟုတ်၊ ပြောက်ကျားစစ်ကြောင့် ဒီမိုကရေစီဘက်တော်သားများသည် အသက်များစွာ ဆုံးရှုံးရမည်သာဖြစ်၍ ပြောက်ကျားတိုက်ပွဲများမှာလည်း ကြာကြာခံနိုင်မည်မဟုတ်ပါ။

ပြည်ပကယ်တင်ရှင်မျိုးကို အားကိုးခြင်းသည်လည်း အခက်အခဲများစွာ တွေ့ရမည့်အပြင် မည်သည့်ပြည်ပနိုင်ငံကမှ နိုင်ငံခြားအကူအညီ ထိထိရောက်ပေးနိုင်မည်မဟုတ်ပါ။ နောက်ဆုံးတွင် လက်ရှောင်သွားမည်သာဖြစ်သည်။

ဖော်ပြပါ သွန်သင်ညွှန်ပြချက်မှာ လစ်ဘရယ်ဒီမိုကရေစီ ဆရာကြီးတစ်ဦးဖြစ်သူ အမေရိကန်ပြည်ထောင်စု မန်ဆက်ချူးဆက်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင် ဂုဏ်ထူးဆောင်ပါမောက္ခ "ဂျင်းရှပ်" (Gene Sharp) ဆိုသူက "From Dictatorship to Democracy" အမည်ရှိ စာအုပ်တွင် ဒီမိုကရေစီလှုပ်ရှားသူများအား သတိပေးလမ်းညွှန်ထားသည့် ဩဝါဒဖြစ်သည်။ ဒီမိုကရေစီသမားများကိုပင် အကြမ်းဖက်လုပ်ရပ်များကို လုံးဝမလုပ်စေလိုလျှင် အကြမ်းဖက် နိုင်ငံရေးမသူတော်များအတွက် ဆိုစရာရှိမည် မထင်တော့ပါ။

## ရာဇဝတ်ဘေးပြေးမလွတ်

အကြမ်းဖက်သမားများသည် အာဏာအဆိပ်ငယ်ထိပ်တက်နေသောကြောင့် လူစိတ်ပျောက်ကာ အဟိတ်တိရစ္ဆာန်စိတ်ထက် ဆိုးရွားသော ဒုစရိုက်ပြစ်မှုများ ပြုလုပ်နေသည်ကို မကြားဝံ့မနာသာအောင် သိနေရ၊ ကြားနေရသည်။ ထိုအကြမ်းဖက် မသူတော်မှန်သမျှတို့သည်ကား ဘယ်သူမပြုမိမိမှု၊ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို တရားဥပဒေ၏ ပြစ်ဒဏ်ကို ခံရင်ခံရ၊ မခံရလျှင် ကိုယ့်ကာယကံ ကိုယ့်ထံပြန်ဆိုသကဲ့သို့ ပြည်သူကပေးသော ပြစ်ဒဏ်နှင့် အကုသလဝိပတ်က လူသွားရာ အရိပ်ပါသလို ဆိုးကျိုးအမြဲပေးမည်မှာ မြေကြီးလက်ခတ် မလွဲပါ။

(၃)

အာဏာဝိသမလောဘပေါ်တွင် အခြေခံ၍ မိမိ၏အမှားကို မှားမှန်းသိလျက်နှင့် မဟုတ်မမှန်သော နည်းလမ်းများဖြင့် "နိုင်ငံတော်အာဏာ" (State Power) ကို လှည့်ဖြားရယူ၍ မရသောအခါ အကြမ်းဖက်ဒေါသဖုံးပေါက်ကွဲကာ မင်းမဲ့စရိုက်လုပ်ငန်းများကို နိုင်ငံအဝန်း လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် သဘောမရိုး မနော‌ဆိုးဖြင့် နိုင်ငံတော်အာဏာကို မတရားရယူလိုစိတ်ဖြင့် လုပ်ကြံဖန်တီးမှု၊ ခြံဝင်လျှင် နွားပါလျှင်ပြီးရော ဆိုသလို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အရယူ အပိုင်သိမ်းယူရမည်ဟူသော မကောင်းမှုများကိုပြုလုပ်ရန် မကြောက်ရွံ့သည့် ကောက်ကျစ်ယုတ်မာစဉ်းလဲ စိတ်တို့ကြောင့် လူယုတ်မာတို့၏ အဆိုးသံသရာထဲတွင် တဝဲဝဲလည်နေရခြင်းပင်ဖြစ်သည်။

## ရက်စက်မှုပေါင်း သရဖူဆောင်း

နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် နောက်ပိုင်းမှ အောက်တိုဘာလ ၂၁ ရက်နေ့အထိ အကြမ်းဖက်လူယုတ်မာတို့သည် ဒေသအလိုက် PDF အမည်ခံလက်နက်ကိုင် အကြမ်းဖက်အဖွဲ့များဖွဲ့စည်း၍ ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများကို မထောက်ခံကြသည့် အပြစ်မဲ့ပြည်သူတို့အား ရန်ရှာတိုက်ခိုက်သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ရန်ရှာတိုက်ခိုက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဆေးခန်းများ၊ နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ လမ်းတံတားများကို တိုက်ခိုက်ဖျက်ဆီးခြင်းဟူသော လုပ်ရပ်များဖြင့် ရက်စက်မှုပေါင်း သရဖူဆောင်းခဲ့ကြသည်။

နိုင်ငံရေးမသမာသူ အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်ဆိုးများကို ကြည့်မည်ဆိုလျှင် နိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၉၈၆ ကြိမ်၊ ဗုံးခွဲတိုက်ခိုက်မှု ၂၃၄၄ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၃၁၂ ကြိမ် စုစုပေါင်း ၃၆၄၂ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုအကြမ်းဖက်လုပ်ရပ်များကြောင့် အရပ်သား ပြည်သူလူထု ၁၁၅၅ ဦး သေဆုံးခဲ့ပြီး ၇၆၅ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၁၈၂ ဦး သေဆုံးကာ ၆၀၂ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

စာသင်ကျောင်းများနှင့်ပညာရေးအဆောက်အအုံ ၂၅ လုံး မီးရှို့ဖုံးခွဲခံခဲ့ရသည်။ ပြည်သူလူထု အသုံးပြုနေသည့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ကားလမ်း၊ ရထားလမ်းများအား ဖျက်ဆီးခဲ့မှု ၅၃၆ ကြိမ်ရှိခဲ့ပြီး တံတား ၇၆ စင်း ဖျက်ဆီးခဲ့ကြပြန်သည်။ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများနှင့် ဘာသာရေးအဆောက်အဦများ၊ စက်ရုံအလုပ်ရုံများနှင့် မြို့ပြအဆောက်အဦများကိုလည်း တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

## ယုတ်မာရက်စက်လာသည်ကို ကြုံတွေ့လာ

အကြမ်းဖက်သမားလူရမ်းကားများသည် လူကိုလူလိုမထင်၊ ရဟန်းသံဃာတော်များကို သာသနာ့ဝန်ထမ်းဟု မမြင် ထင်ရာစိုင်းကာ ရန်ရှာစော်ကားမှုများရှိလာသည်။ ကျေးဇူးရှင် ထေရဝါဒသံဃာတော် အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များ၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဒသာသနာဟူသော သာသနာတော် သုံးရပ်စလုံး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ တည်တံ့ခိုင်မြဲစွာ ထွန်းကားနေရေးအတွက် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာတို့ဖြင့် ကျင့်ကြံအားထုတ်နေတော်မူကြသော ရဟန်းရှင် လူပုဂ္ဂိုလ်သူတော်စင်များ၊ သာသနာ့အာဇာနည်များကို ဖရုဿဝါစာဟူသော ရန့်ရင်းကြမ်းတမ်း ရမ်းကားယုတ်မာပုတ်ခတ်ဆဲရေး တိုင်းထွာနေကြရုံမျှမက အသက်ကိုပင် ရန်ရှာလာကြသည်အထိ ယုတ်မာရက်စက်လာကြသည်ကို မကြုံစဖူး ကြုံတွေ့လာရသည်။

စစ်မှန်သည့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထိပါးမခံကြသည့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည့် သာသနာတော်ကာကွယ်စောင့်ရှောက်ရေးသာသနာပြုစိတ်ဓာတ်အပြည့်အဝဖြင့် ညီညာဖြဖြ ပေါင်းစည်းလက်တွဲ ကာကွယ်စောင့်ရှောက်သွားကြမည်သာဖြစ်သည်။ ဤနေရာတွင် စပ်လျဉ်း၍ မျိုးချစ်ဂီတစာဆိုကြီး ဆရာရွှေတိုင်ညွန့် ရေးစပ်ခဲ့ပြီး ခေတ်ဟောင်းတေးသံရှင် ရုပ်ရှင်မင်းသားကြီး (ဦး)ခင်မောင်ရင် သီဆိုလှူဒါန်းခဲ့သည့် "သိကြားသာသနာ" အမည်ရှိ ဗုဒ္ဓသာသနာတော် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဓမ္မပူဇာတေးတစ်ပုဒ်ကို အမှတ်တရ ဂုဏ်ပြုကောက်နုတ် ဖော်ပြလိုပါသည်။

**xxx ကောင်းသူကိုသာ ကယ်တင်မည်**
**မကောင်းသူကို ဖယ်ရှားမယ်တဲ့**
**ဘုရားတရားတော်နဲ့အညီ**
**အလော်မာများ တော်ရာကို ရှား**
**ဒေသနာတရား သေချာမမှား**
**နေ့စဉ်ပွားမည်သိကြားသာသနာရောက်ချိန်နီးပါပြီ ........**
**ဘုရားဟောထားခဲ့သည် ကျမ်းဂန်နဲ့အညီ**
**လမ်းမှန်ကျင့်မည် ကောင်းမှုကုသိုလ်ပြုကာ**
**သေသေချာချာ**
**စေတနာရွှင်ကြည်**
**နတ်မင်းများက ထင်ရှားကူညီပါလိမ့်မည်**
**မကောင်းမှုပြုတဲ့သူ ခုမနေ့ အရေးယူလိမ့်မည်**
**မိုးကြိုးလက်နက်တဲ့ တာဝတိံသာ ဘုံအာကာဆီ**
**သိကြားမင်းလာတော့ ထင်လင်းတကယ်**
**ပစ်ခွင်းမယ်**
**သာသနာရောင်ခြည် မညှိုးအောင်**
**စောင့်ရှောက်မည်**
**မာတလိပါစုံညီ အော်–ဝိသကြုံခေါ်**
**ထိုနတ်များက**
**တရားတော်နှင့်အညီ**
**လူ့ပြည်ကိုလှည့်လည် အမှုတွေကြည့်မည်။**
**မတော်တာကိုအတည် ရှောင်ရှားသင့်လေပြီxxx**

စသည်ဖြင့် သီဆိုသတိပေး လှူဒါန်းပေးခဲ့သည်မှာ နမူနာယူ ဆင်ခြင်နာယူလိုက်နာဖွယ်ပင် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# ကာကွယ်ဆေး ထိုးနှံပေးရာတွင် တက္ကသိုလ်၊ ကောလိပ်/ ဒီဂရီကောလိပ်များ၌ စာရင်းပေးသွင်းတက်ရောက်နေသူ ကျောင်းသား ကျောင်းသူများကို ဦးစားပေးထိုးနှံပေးမည်

နေပြည်တော် နိုဝင်ဘာ ၃

**တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)



အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် မဖြစ်မနေလိုအပ်သော အချက် တစ်ချက်ဖြစ်၍ နောက်ထပ် အဆင့်တစ်ဆင့်အဖြစ် တက္ကသိုလ်၊ ကောလိပ်/ ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက် ရှိရာတွင် ရောဂါကူးစက်မှုနှင့် ရောဂါကြောင့် သေဆုံးမှုများ လျော့ကျစေရေး၊ နိုင်ငံတော်၏ စီးပွားရေး အမြန်ပြန်လည် ကောင်းမွန်စေရေးနှင့် ပညာရေး တွင် နှောင့်နှေးမှုမရှိစေရန် အတွက် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်/ ဒီဂရီ ကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရည်ရွယ်ပါကြောင်း။

တက္ကသိုလ်နှင့် ကောလိပ် ကျောင်းများ မကြာခင်ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်နေခြင်းကြောင့် တက္ကသိုလ်နှင့် ကောလိပ်များတွင် မှတ်ပုံတင်ထားသော ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန် မှာကြားခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၇ ဒသမ ၃ သန်း၊ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၆ ဒသမ ၁ သန်းကျော် ရှိပြီး ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၁၃ သန်း ကျော်ရှိပြီဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ထိုးနှံပေးရာတွင် တက္ကသိုလ်၊ ကောလိပ်/ ဒီဂရီကောလိပ်များတွင် စာရင်းပေးသွင်းတက်ရောက်နေသူ ကျောင်းသား ကျောင်းသူများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ပြီး အနီးကပ်သင်တန်း စတင်တက်ရောက်မည့် အဝေးသင်ကျောင်းသား ကျောင်းသူများကိုပါ ထိုးနှံပေးမည် ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများဆိုင်ရာ အချက်အလက်များကို ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (VMIS)တွင် ကြိုတင်ထည့်သွင်းခြင်း (pre-registeration) ကို အချိန်မီဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်/ ဒီဂရီကောလိပ်မှ အချို့ ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်း၊ ပုဂ္ဂလိက ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံခြင်း ခံယူပြီးသူဖြစ်နိုင်ပါ၍ စာရင်းမထပ်စေရေးနှင့် ကာကွယ်ဆေးထပ်မံမထိုးမိစေရေး သေချာစိစစ်ရမည် ဖြစ်ပါကြောင်း။

ကာကွယ်ဆေး ထိုးနှံမည့် နေရာများအနေဖြင့် တက္ကသိုလ်/ ကောလိပ်များတွင် ဆေးထိုးစုရပ်များ စီစဉ်ထားရှိမည်ဖြစ်ပါကြောင်း၊ ဆေးထိုးနှံမည့် အချိန်ကာလနှင့်ပတ်သက်ပြီး တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်ကျောင်းများ ဖွင့်မည့်ရက်ပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါသော နီးနွယ်ဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့် နည်းပညာဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံချက်မန်နေဂျာ (ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)က ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့်နည်းပညာဌာန၊ ဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မကူးစက်)တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအတွက် ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်(VMIS)တွင် စာရင်းရေးသွင်းခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အသီးသီးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်တစ်ခုချင်းအလိုက် အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

လူသွားရာ အရိပ်ပါဆိုသကဲ့သို့ သူတော်စင်သူတော်မြတ် ပုဂ္ဂိုလ်မှန်သမျှကို ပြစ်မှားစော်ကားသည့် အကြမ်းဖက်လူရမ်းကားများ လူယုတ်မာတို့သည့် အနန္တကျေးဇူးရှင် ခင်ပွန်းကြီး ၁၀ ပါးအား စော်ကားရန်ပြုသမျှ မိမိတို့၏ အကုသိုလ်ကံပေးကံကြောင့် ကံကြီးထိုက်ကာ လောကီလောကုတ္တရာ ပြစ်ဒဏ်များနှင့် အပါယ်ငရဲ ဒုဂ္ဂတိဘုံများက အပြစ်ပေးရန် အမြဲအဆင်သင့် စောင့်စားလျက်ရှိနေပြီဖြစ်သည်။ မိမိတို့ခံရမည့် ပြစ်ဒဏ်များမှ လွတ်မြောက်ရန် မြေလျှိုး၍ မိုးပျံပြီး ပုန်းအောင်းနေလည်း မည်သို့မျှ လွတ်မြောက်လိမ့်မည်မဟုတ်ပါ။ ဘယ်သူမပြု မိမိမှုသာဖြစ်သောကြောင့် ကိုယ်ပြုသမျှကံသည် ကိုယ့်ကိုပင် ပြန်လည်ဒဏ်ခတ်မည်မှာ မလွဲပေ။ လူနေမှု လောကကြီးတွင် မကောင်းမှု အကြမ်းဖက် ဒုစရိုက်လုပ်ငန်းများဖြင့် အောင်ပွဲခံရမှု လုံးဝမရှိနိုင်ပါ။ မင်းမဲ့တိုင်းပြည် လုံးဝမဟုတ်သောကြောင့် မင်းမဲ့ စရိုက်မှန်သမျှ မရှုမလှ ကျရှုံးရမည်သာဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို လုံးဝထိပါးမခံနိုင်ကြသည့် အမျိုးသာသနာကို အသက်ပေးကာကွယ်စောင့်ရှောက်လိုသူတိုင်းသည် အဓမ္မကို ဓမ္မဖြင့်လည်းကောင်း၊ အဆိုးကို အကောင်းဖြစ်အောင်လည်းကောင်း၊ အကြမ်းဖက်နည်းကို အနုနည်းဖြစ်သော လူထုနည်း၊ အမျိုးသားရေးလှုပ်ရှားမှုတို့ဖြင့် ညီညီဖြဖြ ကာကွယ်ရင်ဆိုင်သွားကြမည်သာဖြစ်သည်။ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အသင်းအဖွဲ့များ၊ ထေရဝါဒဗုဒ္ဓဘာသာဝင်အားလုံးတို့သည် အစဉ်အမြဲ တောင့်တင်းခိုင်မာလှသော အမျိုးသားရေးတံတိုင်းကြီးပင် ဖြစ်သည်။

(၄)

နိုင်ငံရေးသိပ္ပံပညာအရ "အကြမ်းဖက်ဝါဒ" (Terrorism)ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည်သူများကို ဥပဒေမဲ့ မင်းမဲ့လုပ်ရပ်များဖြင့် အဓမ္မခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။ ဆက်လက်၍ အကြမ်းဖက်ဝါဒများနှင့် စပ်လျဉ်း၍

(၁) နိုင်ငံရေးအကြမ်းဖက်မှုဝါဒ၊

(၂) လူမှုတော်လှန်ရေးအကြမ်းဖက်ဝါဒ ၊

(၃) လူမျိုးသီးခြားခွဲထွက်ရေး အကြမ်းဖက်ဝါဒ ၊

(၄) ဘာသာရေးအစွန်းရောက် အကြမ်းဖက်ဝါဒ၊

(၅) ဘာသာရေးအခြေခံဝါဒီများ၏ အကြမ်းဖက်ဝါဒ၊

(၆) လက်ယာဝါဒီများ၏ အကြမ်းဖက်ဝါဒ၊

(၇)အကြမ်းဖက် ဝါဒသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရေလဲသုံးကာ အကြမ်းဖက်ဝါဒကို လိုသလို ကျင့်သုံးလျက်ရှိသည့် ဝါဒဖြစ်သည်။)

(၇) ရာဇဝတ်များကျူးလွန်သည့် အကြမ်းဖက်ဝါဒ ဟု ခွဲခြားဖော်ပြထားသည်ကို တွေ့ရသည်။

ယခုမျက်မှောက်ပစ္စက္ခကာလတွင် ဝါရင့်ဒီမိုကရေစီနိုင်ငံကြီးအချို့၊ အဖွဲ့အစည်းအချို့တို့သည် ဒီမိုကရေစီကိုမှ အားမနာမထောက်ထားဘဲ အကြမ်းဖက်လုပ်ရပ်များကို မသိကျိုးကျွန်ပြုကာ ဟန့်တားခြင်းမပြုရုံသာမက သွယ်ဝိုက်ပံ့ပိုး ဘေးတီးသပ်လျှိုပေးနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိခြင်းကို မေ့လျော့နေသလား မပြောတတ်ပါ။

တကယ်တော့ ဝါရင့်ဒီမိုကရေစီနိုင်ငံကြီးအချို့သည် သူတို့ကိုယ်တိုင်၊ အကြမ်းဖက် သမားများ၏ ရက်ရက်စက်စက်တိုက်ခိုက်မှုများကို မရှုမလှခံစားခဲ့ကြရပါပြီ။ အနီးဆုံး လက်တွေ့ သာဓကကိုကြည့်မည် ဆိုလျှင် လွန်ခဲ့သည့် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အဦကြီးကို ခရီးသည်တင်လေယာဉ်များ ပြန်ပေးဆွဲကာ အကြမ်းဖက်ဝင်ရောက်တိုက်ခြင်းကြောင့် လူဦးရေ ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြ ရရှာသည်။ အနိဋ္ဌာရုံ ဖြစ်ရပ်ဆိုးကြီးမှာ အစ္စလာမ္မစ်အစွန်းရောက် အယ်လ်ကေဒါ အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်ခေါင်းဆောင် အိုစမာ ဘင်လာဒင်၏ အကြံအစည်ဖြင့် ပေါ်ပေါက်ခဲ့သော ကမ္ဘာကျော် အကြမ်းဖက်တိုက်ခိုက်မှုကြီးပင်ဖြစ်သည်။

အလားတူ ဗြိတိန်နိုင်ငံတွင်လည်း မြောက်အိုင်ယာလန်နှင့် တောင်အိုင်ယာလန်တို့ ခွဲခြားတည်ထောင်မှုနှင့် စပ်လျဉ်း၍ ဗြိတိသျှအစိုးရ၏ အစီအစဉ်ကို မကျေနပ်၍ "အိုင်အာ အေ" (Irish Republican Army) ကို ဖွဲ့စည်းကာ လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲခဲ့ရာတွင် ဗြိတိသျှအာဏာပိုင်များစွာတို့သည် အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်များစွာ ဆုံးရှုံးခဲ့ရသည့် လက်တွေ့သာဓကလည်း ရှိနေပါသည်။

ငှက်ပျောပင်တွင် အသီးသီးလာလျှင် သေရ၏။ ဝါးပင်တွင် ဝါးသီးသီးလျှင်ဖြစ်စေ၊ ကျူပင်တွင် ကျူသီးသီးလျှင်ဖြစ်စေ သေကျေပျက်စီးကြရပါသည်။ အလားတူပင် အကြမ်းဖက်သမားတို့သည်လည်း မိမိပြုသော အကုသိုလ်ကံဆိုးများကြောင့် ဘယ်သူမပြုမိမိမှု ကိုယ်ပြုသမျှကံ ကိုယ်သာခံရမည် မလွဲဟု သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားကိုယ်တော်တိုင် ဘုရားပြိုင်လုပ်ချင်သည့် ရှင်ဒေဝဒတ်ကို ရည်ညွှန်း၍ ဟောကြားသွန်သင်တော်မူခဲ့ပါသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်ပမာ မိမိပြုထားသမျှ အကုသိုလ်ကံသည် ယခုဘဝရောသံသရာတစ်လျှောက်လုံးမှာပါ ပြေး၍မလွတ်ဘဲ ခါးစည်းခံရရုံကလွဲ၍ အခြားပြော ရန်မရှိတော့ပါဟု ရေးသားတင်ပြလိုက်ပါသည်။

**အကိုးအထောက်**

**ယမကဝဂ်၊ ဓမ္မပဒ (ဦးရွှေအောင် - ဝဋ္ဋသကာ - သီရောမဏိ - သက္ကတ မဟာဝိဇ္ဇာ မြဝတီပုံနှိပ်တိုက် ၁၉၉၁ ခုနှစ်)**

---

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ် တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၈ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၁၆၆ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေးဟောပြောနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးကို အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

နေပြည်တော် နိုဝင်ဘာ ၃

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသံချဲ့စက်ဖြင့် ပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်နေသည့် သင်ပျိုကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးကို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့်အကြမ်းဖက်သမားများက နိုဝင်ဘာ ၁ ရက် ညနေပိုင်းတွင် လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**



ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမြင့်သိန်းဌေး(ဘ) ဦးကျော်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသံချဲ့စက်ဖြင့် ပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်နေစဉ် နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲခန့်တွင် တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် အကြမ်းဖက် အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး ဦးမြင့်သိန်းဌေး ကို ပစ္စတိုသေနတ်ဖြင့် ငါးချက်ခန့် ပစ်ခတ်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ပစ်ခတ်မှုကြောင့် ဦးမြင့်သိန်းဌေးတွင် ဝဲရင်ဘတ်၊ ဝမ်းဗိုက်နှင့် ဝဲနံစောင်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ည ၈ နာရီခန့်တွင် ရရှိဒဏ်ရာများဖြင့်သေဆုံးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုတားဆီးနိုင်ရန် ဒေသအကျိုးဆောင်ရွက်နေသူကို ယခုကဲ့သို့ အကြမ်းဖက်ဆောင်ရွက်မှုအတွက် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဈေး ၁၈၄ ဈေးနှင့် ပုဂ္ဂလိကပိုင်ဈေး ၉၂ ဈေးကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၃**

ကိုဗစ်ကာလ အများပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဈေးများအား ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပိတ်ထားရာ ယခုအခါ တစ်နိုင်ငံလုံးနီးပါး ကိုဗစ်-၁၉ ရောဂါကို အတော်အသင့်ထိန်းချုပ်နိုင်ပြီဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လက်အောက်ရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်မှ ဈေးပေါင်း ၁၈၄ ဈေးနှင့် ပုဂ္ဂလိကပိုင်ဈေးပေါင်း ၉၂ ဈေးကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားကြောင်း သိရသည်။

"နိုဝင်ဘာ ၁ ရက်ကစပြီး ဈေးတွေပြန်ဖွင့်ပြီဆိုတဲ့အကြောင်း ဈေးအသီးသီးက ဗီနိုင်းများ၊ ပိုစတာများချိတ်ဆွဲပြီးအသိပေးထားကြပါတယ်။ အရင်တုန်းကဈေးတွေပိတ်ထားတယ်ဆိုပေမယ့် ဆေးဝါးနဲ့ အခြေခံစားသောက်ကုန်တွေ တွဲဖက်ပါဝင်ရောင်းချတဲ့ဈေးက ဆိုင်ခန်းတွေကိုတော့ ဖွင့်ခွင့်ပြုထားပါတယ်။ နိုဝင်ဘာ ၁ ရက်ကစပြီး အရင်အတိုင်း ရောင်းကုန်တွေကို ကန့်သတ်ချက်မရှိတော့ဘဲ အကုန်ဖွင့်ခွင့်ပြုလိုက်တာပါ။ ဈေးတွေမှာလိုက်နာရမယ့် ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားတဲ့ Version 3.1 နဲ့အညီ ဖွင့်ခွင့်ပြုလိုက်ပါတယ်"ဟု ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



လက်ရှိရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်၌ ဈေးစုစုပေါင်း ၁၈၄ ဈေးရှိရာ အရှေ့ပိုင်းခရိုင်၌ ၅၄ ဈေး၊ အနောက်ပိုင်းခရိုင်၌ ၂၈ ဈေး၊ တောင်ပိုင်းခရိုင်၌ ၄၁ ဈေးနှင့် မြောက်ပိုင်းခရိုင်၌ ၆၁ ဈေးရှိပြီး ပုဂ္ဂလိကပိုင်ဈေးပေါင်း ၉၂ ဈေးရှိကြောင်း၊ တရားဝင်ယာယီပိတ်ထားသော ဈေးများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ဈေးများ ဖွင့်လှစ်ပြီဆိုပါက တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာဖြင့် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ရန် ခက်ခဲသည့်အတွက်ကြောင့် ရောဂါကာကွယ်ရေး နည်းလမ်းများကို ဆက်လက်လိုက်နာကြရန်လိုအပ်ပြီး ဈေးရောင်းသူနှင့်ဝယ်ယူသူ ပြည်သူများအနေဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **အာကာစိုး**

❖ *ကျောဖုံးမှ*

ရည်ရွယ်၍ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဦးတည်လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဖိုးကြာကုန်းကျေးရွာရှိ မူလွန်စာသင်ကျောင်းကို ယနေ့နံနက် ၆ နာရီခန့်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အဆိုပါကျောင်းရှိ စာသင်ခန်းနှစ်ခန်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

**လက်လုပ်ဗုံးများဖြင့် ပစ်ဖောက်**

အလားတူ နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ အမှတ်(၃၅) အခြေခံပညာအထက်တန်းကျောင်းအား လည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆင်မကော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအားလည်းကောင်း အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာ အဆိုပါပစ်ခတ်ဖောက်ခွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

**ဥပဒေနှင့်အညီ အရေးယူနိုင်ရေး**

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်း၊ ရွာငံ၊ မရမ်းကုန်းနှင့် သာကေတမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် ည ၉ နာရီတွင် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် မနော်ဟရီ (၃)လမ်းနေ ဆန်းဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၇၀၀၊ အိုက်စ် ၀ ဒသမ ၄၅ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့ နံနက် ၇ နာရီခွဲတွင် ရွာငံမြို့နယ် ရွာငံ-ကျောက်ဆည်သွားကားလမ်း ကျောက်ကူပြင် ကျေးရွာအုပ်စု ကျောက်ကူပြင်ကျေးရွာအနီးတွင် မင်းစိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၀ ဒသမ ၅ ကီလိုကို လည်းကောင်း။

ထို့နောက် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းရှိ ဟိုတယ်အနီး၌ သတင်းအရစောင့်ဆိုင်းနေစဉ် ဖေမြတ်ဝင်း(ခ)ဦးဖေ မောင်းနှင်ပြီး ဇေယျာအောင် လိုက်ပါလာသည့် Toyota Belta မော်တော်ယာဉ်သည် ဟိုတယ်ရှေ့သို့ ရောက်ရှိလာခဲ့ကြောင်းနှင့် ဇေယျာအောင်သည် ခရီးဆောင်အိတ်ကို ကိုင်ဆောင်ကာ အဆိုပါ ယာဉ်ပေါ်မှ ဆင်းလာပြီး ဟိုတယ်အနီးတွင် စောင့်ဆိုင်းနေသည့် တင်ကိုကို၊ အောင်မျိုးဦးတို့ထံ ၎င်းအိတ်အားပေးအပ်၍ ဟိုတယ်ဝင်းအတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့က သာကေတမြို့နယ် အမှတ်(၆)ရပ်ကွက် မြင်တော်သာလမ်းနေ ဖေမြတ်ဝင်း(ခ)ဦးဖေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၃**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်နေ မ---- (၂၇နှစ်)အား ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် နယ်မြေ(၃)နေ မဝါဆို(ခ)မနှင်းနှင်းအေး(ခ)မဝါ (၂၇နှစ်)နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ရွာနေ ဇွဲကို (တိမ်းရှောင်) (၂၉နှစ်)ခန့်တို့က တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေအမြောက်အမြားရမည်ဟု စည်းရုံး၍ ရှမ်းပြည်နယ် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် (၄၅)ကုန်းနေ မင်းမင်း (တိမ်းရှောင်) (၂၅ နှစ်)ခန့်နှင့် တရုတ်နိုင်ငံ ရွှေလီမြို့ ဒေါင်းဝိုင်းအနီးတွင် နေထိုင်လျက်ရှိသူ ပန်းနု (တိမ်းရှောင်) (၃၄နှစ်)တို့ထံ ပို့ဆောင်ကာ တရုတ်နိုင်ငံအတွင်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် မူဆယ်မြို့မ ရဲစခန်း(ပ)၇၈၄/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် တရားခံ မဝါဆို(ခ)မနှင်းနှင်းအေး(ခ)မဝါကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံများကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ ဒေလီ၌ ဆောင်းကာလဝင်ရောက်လာသောကြောင့် လေထုညစ်ညမ်းမှုများ စတင်မြင့်တက်လာ

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ၌ ဆောင်းကာလသို့ ဝင်ရောက်လာပြီဖြစ်သောကြောင့် မြို့တော်ဒေလီတွင် လေထုညစ်ညမ်းမှုများ စတင်မြင့်တက်လာပြီဖြစ်သည်။

လေထုအရည်အသွေး ခန့်မှန်းတိုင်းတာရေး အေဂျင်စီဖြစ်သည့် လေထုအရည်အသွေးစနစ်နှင့် ရာသီဥတုခန့်မှန်းရေးနှင့် သုတေသနအေဂျင်စီ (ဆာဖာ)က မြို့တော်ဒေလီ၏ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်း လေထုအရည်အသွေးသည် ၃၀၉ ရှိကြောင်း၊ အဆိုပါကိန်းဂဏန်းက အလွန်ဆိုးရွားသော လေထုအရည်အသွေးကို ပြသလျက်ရှိကြောင်း ဖော်ပြလိုက်သည်။

မြို့တော်ဒေလီ အကြီးအကဲ အာဗင့်ဒ်ကီဂျရီဝယ်က လွန်ခဲ့သောနှစ်ရက်စပြီး လေထုညစ်ညမ်းခြင်း အဆင့်ကို တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။ ၎င်း၏အဆိုအရ အိမ်နီးချင်းပြည်နယ်များဖြစ်သော ဟာယာနာနှင့် ဥတ္တာပရာဒက်ချ်ရှိ တောင်သူလယ်သမားများ၏ ရိုးပြတ်မီးရှို့ခြင်းများသည် ဒေလီ၏ လေထုညစ်ညမ်းမှု မြင့်တက်လာရသည့် အဓိကအကြောင်းတရားဖြစ်ကြောင်း ပြောကြားလိုက်သည်။

လေထုအရည်အသွေးအညွှန်းကိန်း (အေကျူအိုင်) ၀ မှ ၅၀ အတွင်းသည် လေထုအရည်အသွေးကောင်းသည့်အဆင့်တွင်ရှိသည်။ ၅၁ မှ ၁၀၀ အတွင်းသည် ကျေနပ်စရာကောင်းသည့် အနေအထားအဆင့်တွင်ရှိသည်။ ၁၀၁ မှ ၂၀၀ အတွင်းသည် အသင့်အတင့်အနေအထားတွင်ရှိသည်။ ၂၀၁ မှ ၃၀၀ အတွင်းသည် ဆိုးသောအနေအထားတွင်ရှိသည်။ ၃၀၁ မှ ၄၀၀ အတွင်းသည် အလွန်ဆိုးသော အနေအထားတွင်ရှိပြီး ၄၀၁ မှ ၅၀၀ ကြားသည် အလွန်ပြင်းထန်သည့်အနေအထားတွင်ရှိကြောင်း သိရသည်။

လေထုညစ်ညမ်းခြင်းသည် ဒေလီနှင့် အနီးဝန်းကျင်ဒေသတွင် အထူးသဖြင့် ဆောင်းကာလ၌ ကြီးမားသည့် ပြဿနာတစ်ခုဖြစ်သည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံ မြို့တော်ဒေလီ၌ လေထုညစ်ညမ်းမှုမြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန် ကဘူးလ်ရှိ စစ်ဆေးရုံကို အကြမ်းဖက်တိုက်ခိုက် ၁၅ ဦးထက်မနည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိ

**ကဘူးလ် နိုဝင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်ရှိ စစ်ဆေးရုံတစ်ခုကို အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၁၅ ဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်း ရုပ်မြင်သံကြားတစ်ခုတွင် ဖော်ပြခဲ့သည်။

စစ်ဆေးရုံခုတင်-၄၀၀ ကို အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဝမ်းတီဗွီတွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်သူ တစ်ဦးလည်း သေဆုံးခဲ့ပြီး ဆေးရုံအတွင်းရှိ နောက်ထပ် အကြမ်းဖက်သမားတစ်ဦးကို ရှင်းလင်းသုတ်သင်မှု ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း မီဒီယာတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုသည် စစ်ဆေးရုံအနီးတွင် ဒေသစံတော်ချိန် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားခဲ့ပြီးနောက် သေနတ်ပစ်ခတ်မှုများ ဆက်တိုက်ထွက်ပေါ်လာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကွာရီဆာယက်ခို့စ်က ပြောသည်။



အကြမ်းဖက်တိုက်ခိုက်မှုအတွင်း ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

အဆိုပါဆေးရုံသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အဓိကစစ်ဆေးရုံတစ်ခုဖြစ်ပြီး စစ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဆေးဘက်ဆိုင်ရာ ကုသမှုပေးလျက်ရှိသည်။

တကယ်သေဆုံးသည့် အရေအတွက်သည် မီဒီယာက ဖော်ပြထားသည်ထက် ပိုမိုများနိုင်ကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် မည်သူ၏ လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။ သို့သော်လည်း ယခင်က အဆိုပါတိုက်ခိုက်မှုမျိုးကို အိုင်အက်စ်အဖွဲ့က လုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။ **ဆင်ဟွာ**

# လာအို၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်

**ဗီယန်ကျင်း နိုဝင်ဘာ ၃**

လာအိုနိုင်ငံ၌ နိုဝင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၆၂ ဦးရှိပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ၂၀၂၀ ပြည့်နှစ် မတ်လမှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ဖော်ပြခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၁၀၆၂ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သော ဗီယန်ကျင်းသတင်းစာရှင်းလင်းပွဲတွင် လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ခါတ်ခွဲခန်းနှင့် ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အမျိုးသားဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘွာဖန်ခန် ဖာဖွန်ဖန်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကူးစက်ဖြစ်ပွားသူများအနက် ကိုးဦးမှာ ပြည်ပကူးစက်သူများဖြစ်ကာ ၁၀၅၃ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် သုံးဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၇၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံဖော်ပြသည်။

လာအိုနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၈၉၁ ဦးရှိပြီး သေဆုံးသူပေါင်း ၇၃ ဦးအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ **ဆင်ဟွာ**



လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်း၌ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားကာ ဆိုင်ကယ်စီးနေသူတစ်ဦးကို တွေ့ရစဉ်။

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားတွင် လှေနစ်မြုပ်ရာ ၁၈ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိ

**ဂျကာတာ နိုဝင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဘန်ဂါဝမ်ဆိုလိုမြစ်တွင် လူဒါဇင်ချီတင်ဆောင်လာသော လှေတစ်စင်းနစ်မြုပ်ခဲ့ရာ လူ ၁၈ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအေဂျင်စီအကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါလှေသည် ဆီမန်ဘန်ရွာရှိချောင်းကို ဒေသစံတော်ချိန် ၉ နာရီခွဲက ဖြတ်ကူးစဉ် ရေစီးသန်သဖြင့် နစ်မြုပ်ခဲ့ရကြောင်း ဘိုဂျိုနီဂိုရိုဒေသ သဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီ ယာယီခေါင်းဆောင် အာဒီယန်အော်ရီယန်တိုက ပြောသည်။

လူ ၁၀ ဦးကို ကယ်ဆယ်ခဲ့ကြောင်းနှင့် ၁၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ၎င်းက ပြောသည်။

ရေစီးအလွန်သန်သလို မိုးသည်းထန်စွာရွာသွန်းခြင်းကလည်း မြစ်ရေကို မြင့်တက်စေကြောင်း အဆိုပါအရာရှိက ဆက်ပြောသည်။

ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၂၅၂ ရက်အတွင်း အနိမ့်ဆုံးဖြစ်

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၉၀၃ ဦး ရှိလာသောကြောင့် နိုဝင်ဘာ ၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၃၀၈၁၄၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၅၉၁၉၁ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၅၁၂၀၉ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၆၇ ဦးအထိ လျော့နည်းလာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၂၅၂ ရက်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူစုစုပေါင်း ၃၃၆၉၇၇၄၀ ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၄၁၅၉ ဦးရှိသည်။ **ဆင်ဟွာ**

# လုပ်သားပြတ်လပ်လာခြင်းက ဗြိတိန်ရဲ့လုပ်ငန်းတွေကို သက်ရောက်မှုရှိလာ

*လင်းဟန်သစ်*

မကြာသေးမီက ဗြိတိန်မှာ အိတ်ချ်ဂျီဗွီလို့ခေါ်တဲ့ ကီလိုဂရမ် ၃၅၀၀ အထက်ရှိတဲ့ယာဉ်ကြီးတွေ မောင်းမယ့်သူမရှိရာက အခုဆိုရင် သူ့ရဲ့ အသားထုတ်လုပ်ရေးလုပ်ငန်းကို ကူညီလုပ်ကိုင်ဖို့ နိုင်ငံခြားသား သားသတ်သမားတွေကို ရှာဖွေနေရပြီဖြစ်ပါတယ်။

**ဗီဇာလျှောက်ထားခွင့်ပြု**

ဗြိတိန်အစိုးရဟာ လွန်ခဲ့တဲ့လက နောက်ထပ် နိုင်ငံခြားသား သားသတ်သမားအယောက် ၈၀၀ အထိ ဗြိတိန်မှာ ခြောက်လကြာ နေထိုင်လုပ်ကိုင်ဖို့ ဒီဇင်ဘာ ၃၁ ရက် မတိုင်မီအထိ ဗီဇာလျှောက်ထား ခွင့်ပြုခဲ့ပါတယ်။

အင်္ဂလန်နိုင်ငံမှာ အလုပ်လုပ်နေတဲ့ တစ်ဦးချင်းကို လွှမ်းခြုံမှုပေးတဲ့ point–based immigration system ရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ကျွမ်းကျင်လုပ်သားလမ်းကြောင်းမှတစ်ဆင့် ဗြိတိန်ကို လာရောက်ဖို့ လျှောက်ထားမှုတွေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက နိုင်ငံခြားသားသတ်သမားတွေက လျှောက်ထားခဲ့ပြီးဖြစ်တဲ့အပြင် အခုလိုချိန်ညှိမှုတွေလည်း လုပ်ဆောင်ပေးနေတာဖြစ်တယ်လို့ သယ်ယူပို့ဆောင်ရေးဌာနနဲ့ သဘာဝပတ်ဝန်းကျင်၊ အစားအစာနှင့် ကျေးလက်ရေးရာဌာနတို့ရဲ့ ပူးတွဲကြေညာချက်မှာ ဖော်ပြထားပါတယ်။

**ရင်ဆိုင်နေရတဲ့ ဒုက္ခတွေဖြစ်**

ကိုဗစ်–၁၉ ကပ်ရောဂါရဲ့ အကျိုးသက်ရောက်မှုအဖြစ် မကြာသေးမီလများက ဝက်သားကဏ္ဍပေါ်လည်း သက်ရောက်မှုဖြစ်ခဲ့ပါတယ်။ ပို့ကုန်ဈေးကွက်အပေါ် သက်ရောက်ခဲ့တဲ့ အဲဒီအကျိုးဆက်ကြောင့် ယာယီဆောင်ရွက်ချက်တွေကို လုပ်ဆောင်ခဲ့ရပြီး အဲဒါက ဒီနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ဒုက္ခတွေပဲဖြစ်တယ်လို့ သဘာဝပတ်ဝန်းကျင်၊ အစားအစာနဲ့ ကျေးလက်ရေးရာဌာန အကြီးအကဲ ဂျော့ဂျ်ယူစတစ်က ပြောပါတယ်။

ဒီလိုစိန်ခေါ်မှုများတဲ့အချိန်ကို ကျော်ဖြတ်ပြီး ဘယ်လိုမျိုးပံ့ပိုးမှုတွေ လုပ်ဆောင်နေသလဲဆိုတဲ့အပေါ် နားလည်ခြင်းဟာ အနီးကပ်ပူးပေါင်း ဆောင်ရွက်ခြင်းရဲ့ရလဒ်ပဲ ဖြစ်တယ်လို့ ယူစတစ်က ပြောပါတယ်။ နောက်ထပ်သားသတ်သမားတွေ စုစည်းထားတဲ့အပေါ် အမျိုးသား လယ်သမားသမဂ္ဂဒုတိယဥက္ကဋ္ဌ တွမ်ဘရက်ရှောက ဒါဟာဝက်သား ကဏ္ဍအတွက် ဝမ်းသာကြိုဆိုရမယ့် သတင်းကောင်းပဲလို့ပြောလိုက်ပြီး ဝက်မွေးသူတွေအတွက် ကာလကြာရှည်စောင့်ဆိုင်းနေရတဲ့ အချိန်တွေကို ပြန်လည်ရှင်သန်အောင်ဆောင်ကြဉ်းတဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းပေးနိုင်တော့မယ်လို့ ပြောပါတယ်။

**အလုပ်ကြွေးတွေကို ဖြေလျှော့ဖို့ဆိုရင် အစီအစဉ်တွေကို ဆက်လုပ်သွားရမယ်**

ဒီအလုပ်ကြွေးတွေကို သက်သာဖြေလျှော့ဖို့ဆိုရင် အခုအစီအစဉ်




ဗြိတိန်ရဲ့အလုပ်ကြော်ငြာကို တွေ့ရစဉ်။

တွေကို ဆက်လက်လုပ်ဆောင်သွားဖို့ လိုတယ်လို့ ဘရက်ရှောက ပြောလိုက်ပါတယ်။

အစားအစာကုန်စည်ထောက်ပံ့စီးဆင်းမှုမှာ လုပ်သားပြတ်လပ်ခြင်းဟာ အထူးစိုးရိမ်ဖွယ်အခြေအနေဖြစ်နေပြီး ဒီလိုကျယ်ပြန့်တဲ့ အရေးတွေကို ဖြေရှင်းဖို့ အစိုးရအနေနဲ့ ဆက်လက်လုပ်ဆောင် သွားရမှာဖြစ်ပါတယ်။

အစားအစာကုန်စည်ထောက်ပံ့စီးဆင်းမှုဟာ ဆက်လက်ပြီး တစ်စုတစ်ဝေးတည်းဖြစ်သင့်ပြီး အစားအစာနဲ့ အဖျော်ယမကာ ကဏ္ဍကို အထောက်အကူဖြစ်စေဖို့ ၁၂ လကြာ ကိုဗစ်–၁၉ ပြန်လည် ကုစားရေးဗီဇာလည်း လိုအပ်ပါတယ်။ ထို့အတူ အရေးပေါ် ရာသီအလိုက် အလုပ်သမားခန့်အပ်ရေးအစီအစဉ်ကိုလည်း ထပ်မံသက်တမ်း တိုးမြှင့်သင့်တယ်လို့ ဘရက်ရှောက ပြောပါတယ်။

**ယာဉ်ကြီးမောင်းသမားများကို လေ့ကျင့်ပေးဖို့ကြေညာ**

သားသတ်သမားတွေအတွက် ဗီဇာအသစ်အစီအစဉ်တွေအပြင် အစိုးရအနေနဲ့ စက်တင်ဘာလမှာ ယာဉ်ကြီးမောင်းသမား ပြတ်လပ်မှု တွေကိုလည်း ဖြေရှင်းဖို့အစီအစဉ်တွေကိုလည်း ကြေညာခဲ့ပါတယ်။ အဲဒီအစီအစဉ်မှာ ယာဉ်ကြီးမောင်းသမား ၅၀၀၀ ကို လေ့ကျင့်သင်ကြားပေးဖို့ ကြေညာလိုက်တဲ့အပြင် စမ်းသပ်စစ်ဆေးမှုတွေလည်း လုပ်ဆောင်သွားဖို့ ပါဝင်ပါတယ်။

ဗီဇာဟာကာလရှည်အတွက်တော့ ကောင်းမွန်တဲ့ ဖြေရှင်းချက် မဟုတ်ပါဘူး။ ကဏ္ဍအသီးသီးထဲမှာ ကိုယ်တိုင်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေးကသာ ပိုမိုအရေးကြီးပါတယ်လို့ အစိုးရ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ကြေးမြင့်၊ နည်းပညာမြင့်စီးပွားရေးကို တည်ဆောက်တဲ့အခါမှာ ပြည်ပလုပ်သားတွေကို အားကိုးနေရတာနဲ့စာရင် အလုပ်သမားတွေ အနေနဲ့ ဗြိတိန်ပြည်တွင်းဈေးကွက်မှာ ကာလရှည်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်တာကို တွေ့ချင်တယ်လို့ အစိုးရကြေညာချက်မှာ ဆက်လက် ဖော်ပြထားပါတယ်။

**အမြင့်ဆုံးဖြစ်**

၂၀၀၁ ခုနှစ်မှစကာ ဗြိတိန်မှာ အလုပ်လစ်လပ်မှုအရေအတွက်ဟာ ဒီနှစ်တတိယလေးလပတ်မှာ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်လို့ ဗြိတိန်အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ဖော်ပြလိုက်ပါတယ်။

ဇူလိုင်လက စက်တင်ဘာလအထိ အလုပ်လစ်လပ်မှုအရေအတွက် ဟာ မှတ်တမ်းတင်ရလောက်အောင် ၁ ဒသမ ၁ သန်းရှိခဲ့ပါတယ်။ ဒါဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက မတ်လအထိကြားကာလမှာ အလုပ်လစ်လပ်မှုအရေအတွက် ၃၁၈၀၀၀ တိုးလာခဲ့တာ ဖြစ်ပါတယ်လို့ ဗြိတိန်အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ချက်မှာ ဆက်လက် ဖော်ပြထားပါတယ်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ကဏ္ဍအများစုမှာ အလုပ်လစ်လပ်မှုဟာ ဆက်လက်ကြီးထွားလာခဲ့ပါတယ်။ အထူးသဖြင့် လက်လီလက်ကားကုန်သွယ်မှုတွေမှာ အလုပ်လစ်လပ်မှုတွေ ရှိခဲ့ပါတယ်။

**အလုပ်လစ်လပ်မှုတွေများလာတာကို တွေ့ရ**

အလုပ်အကိုင်ဈေးကွက်မှာ အလုပ်လစ်လပ်မှုတွေများလာတာကို စတင်တွေ့လာရတယ်လို့ ဗြိတိန်စီးပွားရေးအုပ်စု စီးပွားရေးကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ကစ်တီအက်ရှာက ပြောပါတယ်။

အလုပ်ရှင်တွေလိုချင်တဲ့ အရည်အချင်းရှိတဲ့ အလုပ်သမားတွေ မရှိတဲ့အတွက်ကြောင့် ဖြစ်နိုင်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်လို့ အက်ရှာက ပြောပါတယ်။ တစ်သက်တာကျွမ်းကျင်မှုစွမ်းရည်တွေကို ဦးစားပေးအနေနဲ့ လုပ်ဆောင်သင့်ပြီး ပြန်လည်လေ့ကျင့်သင်ကြားမှုတွေ လုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။

ကိုးကား–ဆင်ဟွာ

- **ကြေးမြင့်နည်းပညာမြင့် စီးပွားရေးကို တည်ဆောက်တဲ့အခါမှာ ပြည်ပလုပ်သားတွေကို အားကိုးနေရတာနဲ့စာရင် အလုပ်သမားတွေအနေနဲ့ ဗြိတိန်ပြည်တွင်းဈေးကွက်မှာ ကာလရှည်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်တာကို တွေ့ချင်တယ်လို့ အစိုးရကြေညာချက်မှာ ဆက်လက်ဖော်ပြထား**
- **အလုပ်ရှင်တွေလိုချင်တဲ့ အရည်အချင်းရှိတဲ့ အလုပ်သမားတွေ မရှိတဲ့အတွက်ကြောင့် ဖြစ်နိုင်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်လို့ အက်ရှာက ပြောပါတယ်။ တစ်သက်တာကျွမ်းကျင်မှုစွမ်းရည်တွေကို ဦးစားပေးအနေနဲ့ လုပ်ဆောင်သင့်ပြီး ပြန်လည်လေ့ကျင့်သင်ကြားမှုတွေ လုပ်ဆောင်ဖို့လည်း လိုအပ်**

# နိုဝင်ဘာ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၅၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၇၄၄ ဦးရှိ

(၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၇၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၅၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၃၉,၇၄၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၀၂,၉၇၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၇၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၂,၃၆၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၆)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၄၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂–၁၁–၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၃,၄၈၄,၉၆၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၇,၃၉၉,၉၈၆) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၀၈၄,၉၇၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂–၁၁–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၀,၈၈၄,၉၄၉) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၉၈) ခု | (၁၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၈) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈) ခု | (၅) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉၇) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၈၃) ခု | (၆) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၃) ခု | (၄၆) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄,၅၇၂) ခု | (၆၉၀) ဦး |
| **စုစုပေါင်း** | (၂၈,၇၃၉) ခု | **(၉၅၅) ဦး** |

### ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၂–၁၁–၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၀၈၄,၉၇၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၇,၃၉၉,၉၈၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၃,၄၈၄,၉၆၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၂၀,၈၈၄,၉၄၉) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃-၁၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၉၉၉၇၇၁ | ၃၇၀၀၉၉၉၀ | ၇၆၈၈၄၇ |
| ၂။ | အိန္ဒိယ | ၃၄၃၀၈၁၄၀ | ၃၃၆၉၇၇၄၀ | ၄၅၉၂၀၃ |
| ၃။ | ဘရာဇီး | ၂၁၈၂၁၁၂၄ | ၂၁၀၁၅၈၇၆ | ၆၀၈၁၁၈ |
| ၄။ | ဗြိတိန် | ၉၁၃၀၈၅၇ | ၇၄၂၆၀၈၆ | ၁၄၀၉၆၄ |
| ၅။ | ရုရှား | ၈၆၃၃၆၄၃ | ၇၄၄၅၄၃၈ | ၂၄၂၀၆၀ |
| ၆။ | တူရကီ | ၈၀၉၁၄၆၂ | ၇၅၄၉၂၅၈ | ၇၁၀၅၂ |
| ၇။ | ပြင်သစ် | ၇၁၇၀၇၈၂ | ၆၉၅၁၃၂၆ | ၁၁၇၇၆၃ |
| ၈။ | အီရန် | ၅၉၅၄၉၆၂ | ၅၅၄၇၃၄၉ | ၁၂၆၇၆၃ |
| ၉။ | အာဂျင်တီးနား | ၅၂၉၁၂၈၅ | ၅၁၅၇၅၁၁ | ၁၁၆၀၁၀ |
| ၁၀။ | စပိန် | ၅၀၁၆၉၆၈ | ၄၈၇၃၇၀၅ | ၈၇၄၂၃ |


## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်
၃– ၁၁ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၆၁၇၄ | ၄၀၉၁၁၀၁ | ၁၄၃၄၈၁ |
| ဖိလစ်ပိုင် | ၂၇၉၃၈၉၈ | ၂၇၁၂၂၉၈ | ၄၃၅၈၆ |
| မလေးရှား | ၂၄၈၁၃၃၉ | ၂၃၈၅၄၃၂ | ၂၉၀၄၅ |
| ထိုင်း | ၁၉၃၅၄၄၂ | ၁၈၁၈၄၆၃ | ၁၉၃၉၄ |
| ဗီယက်နမ် | ၉၃၉၄၆၃ | ၈၃၃၆၇၅ | ၂၂၂၈၃ |
| မြန်မာ | ၅၀၂၉၇၉ | ၄၇၂၃၆၄ | ၁၈၇၄၄ |
| စင်ကာပူ | ၂၀၄၃၄၀ | ၁၇၃၁၆၈ | ၄၃၀ |
| ကမ္ဘောဒီးယား | ၁၁၈၇၈၇ | ၁၁၅၁၁၁ | ၂၈၀၇ |
| လာအို | ၄၂၈၉၁ | ၃၄၉၅၄ | ၇၃ |
| ဘရူနိုင်း | ၁၃၄၄၆ | ၁၁၉၂၃ | ၈၉ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccination Management Information System-VMIS)

## ❑ ဒေါက်တာစန်းဟုန် (ကျန်းမာရေးသတင်းအချက်အလက်) ❑

မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ဦးတည်အုပ်စုအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးမည့်သူများအား ကြိုတင်မှတ်ပုံတင်ခြင်း၊ ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ ကာကွယ်ဆေးသုံးစွဲမှုနှင့် ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုကို ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုး မှတ်တမ်းကတ်ပြား ထုတ်ပေးခြင်း၊ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု ရှိ/မရှိ စစ်ဆေးခြင်း စသည့်အချက်များကို အချိန်နှင့် တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် အီလက်ထရွန်နစ် သတင်းအချက်အလက်စနစ်တစ်ခု အသုံးပြုရန်လိုအပ်နေသည့်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) သတင်းနှင့်နည်းပညာဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccination Management Information System-VMIS) ကို ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ် ဇူလိုင်လ၌ စတင်သုံးစွဲနိုင်ခဲ့ပါသည်။




### VMIS စနစ် ဘယ်လို အလုပ်လုပ်သလဲ / ဘာတွေလုပ်ပေးလဲ

VMIS ဆိုသည်မှာ အင်တာနက်ပေါ်၌ လွှင့်တင်ထားသည့် Web-site တစ်ခုဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် နည်းပညာကျွမ်းကျင်ရန် မလိုဘဲ မည်သူမဆို အလွယ်တကူအသုံးပြုနိုင်ရန် ရေးဆွဲထားသည့်စနစ်တစ်ခုဖြစ်ကာ အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးပါသည်။

(၁) **ကြိုတင်မှတ်ပုံတင်ခြင်း** ကာကွယ်ဆေးထိုးနှံကြမည့်သူများ၏ အခြေခံအချက်အလက်များဖြစ်သည့် အမည်၊ အဖအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ တယ်လီဖုန်းနံပါတ်နှင့် နေထိုင်ရာ လိပ်စာစသည်တို့ကို အမှားနည်းအောင်စီမံထားသည့် Excel ဖိုင်ဖြင့် ကြိုတင်စာရင်းကောက်ယူပြီး VMIS Database တွင် စာရင်းသွင်းသိမ်းဆည်းပါသည် (လုပ်ငန်းလိုအပ်ချက်အရ ကြိုတင်မှတ်ပုံတင်ခြင်း မပြုလုပ်နိုင်ပါကလည်း ပထမအကြိမ်ဆေးထိုးပြီးချိန်၌ စာရင်းသွင်းမှတ်တမ်းတင်ခြင်းကို Excel ဖိုင်ပုံစံဖြင့် ပြုလုပ်နိုင်ပါသည်)။


(၂) **ကာကွယ်ဆေးထိုးကတ်ပြားထုတ်ပေးခြင်း** VMIS Database တွင် မှတ်တမ်းသွင်းပြီးသူကို QR Code အပိုင်း(၃)ပိုင်းပါသည့် ဆေးထိုးမှတ်တမ်းကတ်ပြား ထုတ်ပေးပါသည်။ QR Code (၂)ခုသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဆေးထိုးခြင်းကို မှတ်တမ်းတင်ရန်ဖြစ်ပြီး encrypted (ဝှက်စာ) QR Code (၁)ခုသည် ဆေးထိုးပြီးကြောင်း အတည်ပြုစိစစ်ရန်ဖြစ်ပါသည်။

(၃) **ဆေးထိုးမှတ်တမ်းစာရင်းသွင်းခြင်း** ပထမအကြိမ်၊ ဒုတိယအကြိမ် ဆေးထိုးချိန်၌ ကာကွယ်ဆေးထိုးနှံပြီးသူ တစ်ဦးချင်း၏ မှတ်တမ်းကို မိုဘိုင်းဖုန်း (သို့မဟုတ်) တက်ဘလက် (tablet) အသုံးပြုပြီး QR code scan ဖတ်ခြင်းဖြင့် VMIS စနစ်သို့ တိုက်ရိုက်မှတ်တမ်းသွင်းနိုင်ပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ ဆေးထိုးပြီးသူတစ်ဦးချင်း၏ အချက်အလက်များကို လက်ဖြင့်စာရင်းသွင်းခြင်းဝန်အား လျော့နည်းအောင် စီမံထားခြင်းဖြစ်ပါသည်။

(၄) **ကာကွယ်ဆေးထိုးနှံပြီးကြောင်း အတည်ပြုပေးခြင်း** ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုအတွက် ဝင်ပေါက်/ထွက်ပေါက်များတွင် VMIS Mobile App ဖြင့် ကာကွယ်ဆေးထိုး မှတ်တမ်းပေါ်ရှိ encrypted (ဝှက်စာ) QR Code အား scan ဖတ်ခြင်းဖြင့် မှတ်တမ်းကိုင်ဆောင်ထားသူအား တိုက်ဆိုင် စိစစ်နိုင်သည့်အပြင် မည်သည့်နေ့ရက်၌ မည်သည့်နေရာတွင် ကာကွယ်ဆေးထိုးနှံထားသည်ကို အတည်ပြုချက်ရယူနိုင်မည်ဖြစ်သည်။ ကတ်ပြားအား မိမိတို့၏ လက်ကိုင်ဖုန်းတွင် ဓာတ်ပုံရိုက် သိမ်းထားပြီး လိုအပ်သည့် အချိန်၌ သိမ်းဆည်းထားသည့်ဓာတ်ပုံပေါ်ရှိ QR code ကို scan ဖတ်ကာ ဆေးထိုးပြီးကြောင်း အတည်ပြု စိစစ်နိုင်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ခရီးသွားများအတွက် အင်္ဂလိပ်ဘာသာဖြင့် ဆေးထိုးမှတ်တမ်းများ ထုတ်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနမှ လုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ စတင်ဆောင်ရွက်နေပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

(၅) **ကာကွယ်ဆေးထိုးလွှမ်းခြုံမှု စာရင်းပြုစုပေးခြင်း** VMIS စနစ်သည် မြို့နယ်တစ်ခုအတွင်းရှိ ဆေးထိုးစုရပ်များမှ ဆေးထိုးမှတ်တမ်းများကို ပေါင်းစပ်ပေးသည့်အတွက် မြို့နယ်တစ်ခု၏ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုကို (စာရွက်ဖြင့် အစီရင်ခံစာရင်းပြုစုရန်မလိုဘဲ) VMIS စနစ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်မှ ကြီးကြပ်သိရှိနိုင်ပါသည်။

(၆) **ကာကွယ်ဆေးသုံးစွဲမှု စာရင်းပြုစုပေးခြင်း** ကာကွယ်ဆေးများကို ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ်များသို့ ဖြန့်ဝေထားသည့် စာရင်းနှင့် မြို့နယ်အလိုက် ဆေးအသုံးပြုမှုကိုလည်း အချိန်နှင့် တစ်ပြေးညီ မှတ်တမ်းတင်စိစစ်နိုင်သည့်အတွက် ဆေးလိုအပ်မှု၊ စီမံခန့်ခွဲမှုများကို အချိန်မီ ဆောင်ရွက်နိုင်ပါသည်။




### VMIS စနစ်ကို ဘယ်လောက်ထိ အသုံးပြုနေပြီလဲ

VMIS စနစ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသုံးပြုလျက်ရှိပြီး အစိုးရအစီအစဉ်ဖြင့် ဝယ်ယူသည့် ကာကွယ်ဆေးများအတွက်သာမက ပုဂ္ဂလိကအစီအစဉ်၊ တပ်မတော်အစီအစဉ်နှင့် လှူဒါန်းမှုအစီအစဉ် တို့ဖြင့် ဆောင်ရွက်နေသည့် ကာကွယ်ဆေးထိုးနှံပေးမှုများအားလုံး ကို မှတ်တမ်းစာရင်းသွင်းထားပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ဆေးထိုးအစီအစဉ် အပါအဝင် ဗဟိုအဆင့်တွင် ကြီးကြပ်သူ ၁၇ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်သူ ၁၁၃ ဦး၊ ခရိုင်အဆင့် ကြီးကြပ်သူ ၂၂၅ ဦး၊ မြို့နယ်အဆင့် ၁၃၂၀ နှင့် ဆေးထိုးစုရပ် အသုံးပြုသူ ၃၂၃၈ ဦး ရှိပါသည်။

ပတ်သက်ဆက်နွှယ်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့်တွင် ကိုဗစ်-၁၉ တုံ့ပြန်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နီးနွှယ်ဝန်ကြီးဌာန(၅)ခုနှင့် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံသူများ၏ အချက်အလက်များကောက်ယူခြင်း၊ စာရင်းဖြည့်သွင်းခြင်း၊ ကာကွယ်ဆေးထိုးကတ်ပြားများ ထုတ်ပေးခြင်း၊ QR Scan ဖြင့် စာရင်းသွင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိပါက ချက်ချင်းဖြေရှင်းပေးနိုင်ရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့်နည်းပညာဌာနမှ နည်းပညာရှင်များက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုကဲ့သို့ အဘက်ဘက်မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ထားမှုကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ အောက်တိုဘာလကုန်အထိ VMIS စနစ်တွင် ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၀ ဒသမ ၇သန်းနှင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၆ ဒသမ ၄၃ သန်း၏ အချက်အလက် များ မှတ်တမ်းတင်ပြီး ဆေးထိုးကတ်ပြားများ ထုတ်ပေးပြီးဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ မတိုင်မီကာလက ကာကွယ်ဆေးထိုးနှံပြီးသူများ၏ အချက်အလက်များကိုလည်း VMIS စနစ်သို့ ဖြည့်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### VMIS စနစ်က ဘယ်လိုအကျိုးကျေးဇူးတွေရရှိမလဲ


အီလက်ထရွန်နစ်အခြေပြု VMIS သတင်းအချက်အလက်စနစ် အသုံးပြုခြင်းဖြင့်-


**ကာကွယ်ဆေးထိုးလုပ်ငန်း ကြိုတင်ပြင်ဆင်မှုအပိုင်းတွင်**

(၁) ကာကွယ်ဆေးထိုးမည့်သူများအား ကြိုတင်မှတ်ပုံတင်ခြင်းဖြင့် ဆေးထိုးမည့် အရေအတွက်ကို ကြိုတင်သိရှိသည့်အတွက်

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ





အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပေးမည့် ကာကွယ်ဆေးထိုးမှတ်တမ်း နမူနာ

REPUBLIC OF THE UNION OF MYANMAR COVID-19 VACCINATION CERTIFICATE

Sample

NAME THA ZIN WIN GENDER FEMALE DOB 15-Mar-1985

FATHER NAME: U PHAY PASSPORT NO 283

PHONE NO: +95 392 VACCINATION PLACE MAGWAY

| Vaccine Dose | Product Name/ Manufacturer/ Lot Number | Date of Vaccination (DD/MM/YY) |
|---|---|---|
| 1st Dose | Sinopharm(BIBP) | 15/09/2021 |
| 2nd Dose | Sinopharm(BIBP) | 05/10/2021 |

ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဖြစ်သည့် ဆေးလိုအပ်ချက်၊ ဆေးထိုးအစီအစဉ် - နေ့ရက်၊ လူအင်အား၊ ဆေးထိုးစုရပ်များကို ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ခြင်း

(၂) ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမည့်သူ အရေအတွက်ကို အလွယ်တကူ သိရှိပြီး ကြိုတင်စီစဉ်မှုများ ပြုလုပ်နိုင်ခြင်း

**ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှုအပိုင်းတွင်**

(၃) ဦးတည်အုပ်စု/အသက်အုပ်စုအလိုက် ကာကွယ်ဆေးထိုးပြီးသူ ဦးရေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်စသည့် အဆင့်ဆင့်သော ကြီးကြပ်သူများမှ အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ ကြီးကြပ်နိုင်ခြင်း

(၄) ကာကွယ်ဆေးဖြန့်ဝေထားရှိမှုနှင့်အသုံးပြုမှုကို မြို့နယ်အလိုက် စိစစ်ကြီးကြပ်နိုင်ခြင်း၊ ဆေးပျက်စီးမှု/လေလွင့်မှု နည်းအောင် အဆင့်ဆင့် စိစစ်ကြီးကြပ်နိုင်ခြင်း

**ဆေးထိုးလွှမ်းခြုံမှုဆိုင်ရာညွှန်းကိန်းများထုတ်ပြန်ခြင်း**

(၅) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ထားရှိမှုအားလုံးကို သတင်းအချက်အလက်စနစ် တစ်ခုတည်းအသုံးပြုပြီး မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်းထားနိုင်သည့်အတွက် နိုင်ငံကိုယ်စားပြု ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ နိုင်ငံတကာသတ်မှတ်ညွှန်းကိန်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း

**ကာကွယ်ဆေးထိုးနှံသူများအနေဖြင့်**

(၆) ကာကွယ်ဆေးထိုးနှံသူ တစ်ဦးချင်းစီအတွက် ဆေးထိုးမှတ်တမ်းကတ်ပြား ထုတ်ပေးထားသည့်အတွက် ကာကွယ်ဆေးထိုးရမည့် နေ့ရက်၊ စုရပ်ကို သိရှိပြီး အချိန်မီ အကြိမ်ပြည့်ဆေးထိုးနိုင်ခြင်း

**“VMIS စနစ်သည် တစ်နိုင်ငံလုံးရှိ ကာကွယ်ဆေးထိုးနှံသူများ၏ အခြေခံအချက်အလက်များကို စုစည်းပေးထားသည့် ပထမဆုံးသောစနစ်တစ်ခုဖြစ်သည့်အတွက် နောင်တွင် ဆက်လက်ဆောင်ရွက်မည့် e-Government ဆိုင်ရာလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ် ကျန်းမာရေးသတင်းအချက်အလက်စနစ်အတွက် အခြေခံ အုတ်မြစ်တစ်ခုအဖြစ် အသုံးပြုနိုင်မည်”**

(၇) ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုအတွက် ဆေးထိုးပြီးကြောင်း သက်သေခံမှတ်တမ်းအနေဖြင့် အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိပါသည်။

**နိုင်ငံတကာအသိအမှတ်ပြုမှု**

VMIS စနစ်၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခြင်း၊ ဆက်နွယ်ဝန်ကြီးဌာနများနှင့် ပရဟိတများမှ ပါဝင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအား အထောက်အကူပြုနိုင်ခြင်း၊ ဆေးထိုးကတ်ပြားများ ထုတ်ပေးနိုင်ပြီး QR code ဖတ်ခြင်းဖြင့် ဆေးထိုးစာရင်းသွင်းခြင်းနှင့် ဆေးထိုးပြီးကြောင်း စိစစ်အတည်ပြုနိုင်ခြင်း၊ ရှေ့ကာလတွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အခြေခံဖြစ်နိုင်ခြေရှိခြင်း စသည့် အကျိုးများကြောင့် Asian Oceanian Computing Industry Organization (ASOCIO) အာရှနှင့် သမုဒ္ဒရာဒေသရှိနိုင်ငံပေါင်း (၂၄)နိုင်ငံ ကိုယ်စားပြု IT Industry အဖွဲ့အစည်းကြီးမှ ကျင်းပသည့် 2021 ASOCIO Award မှ Digital Government Award အမျိုးအစားဖြင့် မှတ်ကျောက်တင် အသိအမှတ်ပြုခံရပါသည်။

VMIS စနစ်ဖြစ်တည်ရေးနှင့် လည်ပတ်ရေးအတွက် အဘက်ဘက်မှ ဉာဏအား၊ လူအား၊ ငွေအား စသဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပံ့ပိုးပေးသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ထို့ပြင် VMIS စနစ်သည် တစ်နိုင်ငံလုံးရှိ ကာကွယ်ဆေးထိုးနှံသူများ၏ အခြေခံအချက်အလက်များကို စုစည်းပေးထားသည့် ပထမဆုံးသောစနစ်တစ်ခုဖြစ်သည့်အတွက် နောင်တွင် ဆက်လက်ဆောင်ရွက်မည့် e-Government ဆိုင်ရာလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ် ကျန်းမာရေးသတင်းအချက်အလက်စနစ်အတွက် အခြေခံ အုတ်မြစ်တစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာတွင် ကုမ္ပဏီတစ်ခုမှ ယာဉ်စီးရေ တစ်စီးဖြင့် အောက်ဆီဂျင် အိုးခွံ ၂၀၀၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator) တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၃၀ နှင့် လက်အိတ် ၉ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတို့တွင် ပညာသင်ယူလျက်ရှိသော အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၃ ရက်က ဆရာစံရပ်ကွက် မဟာဇနကပရိယတ္တိစာသင်တိုက်တွင် ကာကွယ်ဆေးထိုးနှံပေးစဉ်။ တင်စိုးလွင်

# တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေး

၂-၁၁-၂၀၂၂ မှအဆက်

## ရှမ်းပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Shwe Byain Phyu (မူဆယ်) | 1,462 | 1,429 | 1,436 | မော်တောင်းကျေးရွာ၊ မော်တောင်းအုပ်စု၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့။ |
| ၂ | Lucky7(Kalaw) | 1,412 | 1,374 | 1,381 | ကလော-တောင်ကြီးလမ်းမကြီး ကလောလမ်းခွဲ အောင်ပန်းမြို့။ |
| ၃ | Lucky7(Shwe Nyaung) | 1,412 | 1,374 | 1,381 | ကလော - တောင်ကြီးလမ်းမကြီး တောင်လေးလုံးကျေးရွာ ရွှေညောင်မြို့။ |
| ၄ | Lucky7(ခေးနင်း) | 1,437 | 1,409 | 1,416 | မန္တလေး-လားရှိုးလမ်းမကြီး၊ လားရှိုး တိုးဂိတ်အနီး ၊ လားရှိုးမြို့။ |
| ၅ | Lucky7(AD ဂိတ်ဟောင်း) | 1,437 | 1,409 | 1,416 | လားရှိုး- မူဆယ်လမ်းမကြီး၊ AD ဂိတ်ဟောင်း လားရှိုးမြို့။ |
| ၆ | OK Energy (Heho) | 1,407 | 1,374 | 1,380 | တောင်ကြီး- ကလော ပြည်ထောင်စုလမ်းမကြီးဘေး |
| ၇ | KS(029) | 1,432 | 1,399 | 1,406 | ကြိမ်ဂနိုင်ကျေးရွာ၊နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ၈ | KS(005) | 1,462 | 1,429 | 1,436 | မိုင်းယုကျေးရွာ၊ (၁၀၅)မိုင်၊ မူဆယ်မြို့နယ် ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ၉ | KS(004) | 1,427 | 1,389 | 1,396 | ကိုးနဝင်းတောင်ခြေတံတားကြီး ရပ်ကွက်၊တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၁၀ | KS(010) | 1,442 | 1,409 | 1,416 | ခိုမုန်းကျေးရွာအုပ်စု၊ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၁၁ | KS(011) | 1,442 | 1,409 | 1,416 | ပန်စောက်မိန်းကျေးရွာအုပ်စု၊ သီပေါမြို့၊ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၁၂ | KS(003) | 1,452 | 1,419 | 1,426 | နောင်ဖော့ကျေးရွာအုပ်စု၊လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၁၃ | KS(007) | 1,427 | 1,389 | 1,396 | သာမိုင်ခန့်ကျေးရွာ၊ အောင်ပန်း ကလောမြို့၊ ရှမ်းပြည်နယ် တောင်ပိုင်း။ |
| ၁၄ | KS(018) | 1,427 | 1,389 | 1,396 | အော်ယော်ရပ်ကွက်၊ ပင်းတယ မြို့နယ်၊ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၁၅ | Asia Energy (မူဆယ်) | 1,447 | 1,414 | 1,421 | တိုးဂိတ်အနီး ၁၀၅ မိုင် ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ |
| ၁၆ | Denko ( တောင်လေးလုံး ) | 1,412 | 1,374 | 1,381 | အမှတ် (၁၇/၁၁)၊ တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ |

## မကွေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Lucky 7 | 1,417 | 1,384 | 1,391 | ကံပြားကျေးရွာ၊မကွေးမြို့ |
| ၂ | MinBu Star | 1,417 | 1,384 | 1,391 | မင်းဘူးမြို့နယ် |
| ၃ | KS(025) | 1,412 | 1,379 | 1,386 | ကသစ်ကန်ကျေးရွာ၊အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄ | KS(024) | 1,422 | 1,389 | 1,396 | ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၅ | KS(009) | 1,422 | 1,389 | 1,396 | ကိုးပင်ကျေးရွာ၊ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး ။ |
| ၆ | Denko ( မကွေး ၁ ) | 1,402 | 1,369 | 1,376 | မကွေး-နတ်မောက်လမ်း နံ့ကပ်ကျွန်းကျေးရွာအုပ်စု မကွေးမြို့ (နတ်မောက် အထွက်)။ |
| ၇ | ရွှေမြန်မာမျိုး | 1,450 | | | ရွှေဘုံသာရပ်ကွက် ကမ်းနားလမ်းနှင့် သတဋ္ဌာနဘုရားလမ်းထောင့် |
| ၈ | Shwe Byain Phyu (ပခုက္ကူ) | 1,427 | 1,379 | 1,386 | ချောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၉ | Regency Petrol Station (Magway -1) | 1,402 | 1,369 | 1,376 | မကွေး-နတ်မောက်လမ်း၊ ဖန်ခါးမြေဂေါက်ကွင်းရှေ့၊ မကွေးမြို့။ |

## ကရင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Denko ( ဘားအံ ၁ ) | 1,397 | 1,369 | 1,376 | အမှတ် ၀၈၅၉ အမှတ် (၉)ရပ်ကွက် ရေကျော်ကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ်။ (မြဝတီ-ဘားအံ လမ်းမကြီး၊ လှိုင်းဘွဲ့ လမ်းဆုံအနီး) |

## ရခိုင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | KS(012) | 1,437 | 1,404 | 1,411 | ငွမြို့မရပ်ကွက်၊ငွမြို့၊ရခိုင်ပြည်နယ်။ |
| ၂ | KS(017) | 1,457 | 1,419 | 1,426 | အောက်ကျေးရွာအုပ်စု၊အမ်းမြို့၊ရခိုင်ပြည်နယ်။ |
| ၃ | KS(006) | 1,467 | 1,434 | 1,451 | မန်းကျည်မြိုင်ရပ်ကွက်၊စစ်တွေမြို့၊ရခိုင်ပြည်နယ်။ |
| ၄ | KS(002) | 1,447 | 1,414 | 1,421 | အံတော်ကွင်း ဒွါရဝတီမြို့သစ်၊သံတွဲမြို့၊ရခိုင်ပြည်နယ်။ |
| ၅ | KS(021) | 1,447 | 1,414 | 1,431 | ကိုင်းရှည်ကျေးရွာ ၊ တောင်ကုတ်မြို့ ၊ ရခိုင်ပြည်နယ် ။ |
| ၆ | KS(022) | 1,447 | 1,414 | 1,421 | လင်းမူတောင်ကျေးရွာအုပ်စု၊ သံတွဲမြို့ ၊ ရခိုင်ပြည်နယ်။ |

## နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Moon Sun Energy (Nay Pyi Taw) | 1,402 | 1,374 | 1,381 | နန်းသြကျေးရွာ၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မိုင်တိုင် (၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၂ | Petro Seven | 1,402 | 1,374 | 1,381 | မိုင်တိုင်အမှတ်(၁၄/၆)ပျဉ်းမနား မြို့ရှောင်လမ်း၊ ဘောဂသီရိကားကွင်းအနီး ၊ နေပြည်တော်။ |
| ၃ | 360˚ Petro (Naypyitaw) | 1,402 | 1,374 | 1,381 | အမှတ်(၁/၈၆)၊ရွှေပြည်တော်ဝင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်၊ ဒက္ခိဏသီရိ မြို့နယ်၊ နေပြည်တော်။ |
| ၄ | Denko ( နေပြည်တော် ၂ ) | 1,402 | 1,374 | 1,381 | အမှတ် ( OC ၁-၆ )၊ သီရိရတနာလမ်း ၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ |
| ၅ | Denko ( နေပြည်တော်-၁ ) | 1,402 | 1,374 | 1,381 | အမှတ် ( C-5 )၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးအနီး၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ |
| ၆ | PT Power (ဒက္ခိဏသီရိ) | 1,417 | 1,389 | 1,396 | ဗို(၄)လမ်းနှင့်ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ် |
| ၇ | PT Power (ဥတ္တရသီရိ) | 1,417 | 1,389 | 1,396 | အမှတ်(၁၉)၊မန္တလေးလမ်းနှင့်မြဝတီလမ်း ထောင့် |

## စစ်ကိုင်းတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Shwe Byain Phyu(Sagaing) | 1,432 | 1,384 | 1,391 | ဦးပိုင်အမှတ်(၇)-၇၂ F၁၂၂/၅၁၃၊ စစ်ကိုင်း- မုံရွာလမ်း၊ ဇီးချောင်းရပ်ကွက်၊ စစ်ကိုင်းမြို့နယ်။ |
| ၂ | Asia Energy (မုံရွာ) | 1,437 | 1,394 | 1,401 | မန္တလေး-မုံရွာလမ်းမကြီး ၊ မုံရွာတိုးဂိတ် အကျော်၊ ထနောင်းတောအုပ်စု၊ မုံရွာမြို့။ |
| ၃ | Denko ( မုံရွာ ၂ ) | 1,412 | 1,369 | 1,376 | အမှတ် (၆၆/၁၄၉)၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်၊ သလ္လာဝတီဆိပ်ကမ်း၊ မုံရွာမြို့။ |
| ၄ | Denko ( မုံရွာ ၃ ) | 1,412 | 1,369 | 1,376 | အမှတ်(၆၄၄)၊ မုံရွာ-မန္တလေးလမ်း၊ မအူကျေးရွာအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၅ | Denko ( ရွှေဘို ၁ ) | 1,412 | 1,369 | 1,376 | သူဇာရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရွှေဘိုမြို့ စစ်ကိုင်းတိုင်း။ |
| ၆ | BT-1 စက်သုံးဆီအရောင်းဆိုင် | 1,485 | 1,385 | 1,400 | ပဂိုးကုန်းရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၇ | BT-2 စက်သုံးဆီအရောင်းဆိုင် | 1,485 | 1,385 | 1,400 | စိုင်နိုင်လေးရွာ ရွှေဘိုမြို့နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး |

*စာမျက်နှာ ၁၉ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၁-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ရတနသုတ်၊ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၀၉:၃၅ | ဗားစည်မြေမှရောင်စုံအလှ(အပိုင်း-၁) | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၃၅ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၀:၄၀ | ရုပ်မြင်သံကြားဇာတ်လမ်း **'နှင်းယှဉ်၍မရသော'** | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၃) |
| ၁၃:၃၀ | MRTV National News | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'တတ္တဗေဒဘာသာရပ်'** | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၅:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း **'အင်တာနေ့ရှင်နယ်တောသား'** | ၂၁:၂၅ | စားစည်မြေမှရိုးရာအလှ(အပိုင်း-၁) |
| ၁၅:၃၅ | Soccer View | ၂၁:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၂၂) |
| ၁၆:၃၅ | မျှဝေအသိပေးကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး | | |

**သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**MITV**

| | |
|---|---|
| 07:01 | News |
| 07:26 | A Tourist Destination Of Shan State |
| 07:39 | Myanmar's Traditional Ceramics |
| 08:01 | Discovering Tribes: Akha- Their Life and Customs |
| 08:17 | Egg Shell |
| 08:27 | Those Who Never Give Up (Ep-6) In Pursuit of a dream |
| 09:01 | The Great Po Sein |
| 09:27 | Products of Myanmar - Velvet Slippers |
| 09:39 | Meepon Pwe, A Light Offering Ritual (Kyondoe) |
| 10:01 | Unique Art of Stucco Work |
| 10:18 | Myanmar Masterclass: Conceptual Art |
| 11:01 | Charming & Fragrant Sabai |
| 11:10 | Gold: King Of All Metals |
| 11:42 | Amazing: Magician Sak Kaw Ma |

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂွန္တဝင်ဆန်တဲ့အချစ်(အပိုင်း-၄)(ဇာတ်လမ်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ထူးကဲအရသာ ကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆောင်းတွင်းမှာ တစ်မူထူးခြားပြီး သာယာလှပတဲ့ ဖလမ်းမြို့

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်က တို့ဖေဖေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်မုန့်တီ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သူတို့ဒေသ သူတို့တာဝ(ဗန်းမော်မြေမှရှမ်းရိုးရာ)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
မွေးခံထိုက်သူ(ပညာပေးဇာတ်လမ်းတို)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ ကချင်ရိုးရာအိမ်ကလေး

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငွေအဆုံးကုန်းတစ်ဝက်'** |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၈ မှ

## ပဲခူးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း 92 Ron | ဒီဇယ်ဆီ | Premium | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Shwe Byain Phyu(Paung Ta Lae) | 1,407 | 1,379 | 1,386 | ပြည်-ပေါက်ခေါင်းလမ်းမကြီး၊ ပေါင်းတလည်မြို့နယ်၊ ပေါင်းတလည် |
| ၂ | Shwe Byain Phyu(Min Hla) | 1,402 | 1,374 | 1,381 | သရက်ပျဉ်၊မင်းလှမြို့နယ်၊မင်းလှမြို့ |
| ၃ | Shwe Byain Phyu(Oak Phoe) | 1,402 | 1,374 | 1,381 | အမှတ်(၁)ပန်းတင်းကျေးရွာအုပ်စု၊အုတ်ဖိုမြို့နယ်၊အုတ်ဖို |
| ၄ | Shwe Byain Phyu(Lat pa Tan) | 1,402 | 1,374 | 1,381 | လက်ပံတန်းမြို့နယ် |
| ၅ | Shwe Byain Phyu(Pyay) | 1,407 | 1,379 | 1,386 | နဝဒေးရပ်ကွက်၊ပြည်မြို့နယ်၊ပြည်မြို့ |
| ၆ | Yadana Petrol Station (သာယာဝတီ) | | 1,132 | | အမှတ်(၁၀/ခ)၊ပြည်လမ်း၊ဈေးပိုင်းရပ်ကွက်၊သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၇ | Yadana Petrol Station (သုံးဆယ်) | | 1,132 | | ရန်ကုန်-ပြည်လမ်း၊အရှေ့ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊ပဲခူးတိုင်းဒေသကြီး။ |
| ၈ | Yadana Petrol Station (လက်ပံတန်း) | | 1,142 | | ကျွန်းကလေးကျေးရွာ၊ချမ်းသာကုန်းကျေးရွာအုပ်စု၊လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၉ | Yadana Petrol Station (ရွှေတောင်) | 1,397 | 1,369 | 1,376 | ကြာနီကန်ရပ်ကွက်၊ ရန်ကုန်-ရွှေတောင်-ပြည်လမ်းမကြီး၊ ရွှေတောင်မြို့၊ပဲခူးတိုင်းဒေသကြီး။ |
| ၁၀ | Yadana Petrol Station (ပေါင်းတည်) | 1,397 | | 1,376 | အမှတ်(၃၆)၊ဈေး(၂)ရပ်ကွက်၊ပြည်လမ်း၊ပေါင်းတည်မြို့၊ပဲခူးတိုင်းဒေသကြီး။ |
| ၁၁ | Tharrawaddy | 1,377 | 1,349 | 1,356 | အမှတ်(၁၂၅၂)၊ရန်ကုန်-ပြည်လမ်းမကြီးဘေး သင်းတောရိုးရွာ၊ ကန်းရင်ကောက် အဝန်း၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၂ | MMTM – Bago | 1,370 | 1,340 | 1,350 | အမှတ်(၉)ရပ်ကွက်၊ဥသာမြို့သစ်၊ရန်ကုန်-မန္တလေးလမ်းမကြီး၊ပဲခူးမြို့ |
| ၁၃ | KKP Intakaw | 1,397 | 1,369 | 1,376 | ရန်ကုန်-ပဲခူးလမ်းမကြီး၊ အင်တကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၄ | KS(032) | 1,392 | 1,364 | 1,371 | မဲခုန်ကျေးရွာ ၊ ပဲခူးမြို့ ၊ ပဲခူးမြို့ရှောင်လမ်း |
| ၁၅ | KS(008) | 1,407 | 1,379 | 1,386 | တောင်နန်းချွန်ကျေးရွာ၊ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၆ | Puma Power 016 Bago | 1,397 | 1,369 | 1,376 | ကျိုက်လှကျေးရွာ၊ ကျိုက်လှဘူတာကွင်း၊ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၇ | Puma Power 017 Bago | 1,397 | 1,369 | 1,376 | ကလိရွာလမ်း၊တော်ရွာအရှေ့ကွင်း၊ပဲခူးမြို့နယ်၊ |
| ၁၈ | Puma Power 018 Bago | 1,397 | 1,369 | 1,376 | ဝမ်းဘဲအင်းရွာလမ်း၊ ဝမ်းဘဲအင်း၊ ပဲခူးမြို့နယ်။ |
| ၁၉ | ထက်ကေရီ- အင်းတကော် | 1,397 | 1,369 | 1,376 | ရန်ကုန်-မန္တလေးလမ်းမကြီး၊ (၁၀၅) မိုင်တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ပဲခူးတိုင်းဒေသကြီး။ |
| ၂၀ | သရဖူ-တောင်ငူ | 1,407 | 1,379 | 1,386 | ခပေါင်းတံတားအနီး၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။ |

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၃၅/၁၃၅၀ ကျပ် | ၁၃၆၉/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၄၅/၁၃၆၅ ကျပ် | ၁၃၇၅/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၄၀၇/၁၄၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၀၅ ကျပ် | ၁၅၇၅/၁၅၉၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၈၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၂၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၀၀၀ | ၈၀၅ | ၆၉၅၈၄၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၉၃ | ၆၂၇၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၄၉ | ၉၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄ | ၁၀၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁ | ၂၉၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတော်စီးပွားရေးဖြစ်ထွန်းမှု အထောက်အကူဖြစ်စေရန် အသေးစားစက်မှုလက်မှုလုပ်ငန်းထူထောင်လိုသူများအား အခမဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်

................. အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန .................

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးဖြစ်ထွန်းမှုအပေါ်အထောက်အကူဖြစ်စေရန်၊ ပြည်ပသွင်းကုန်များတင်သွင်းသုံးစွဲနေရမှုအပေါ်အစားထိုးနိုင်ရန်၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်လုပ်ငန်းများလုပ်ကိုင်လာနိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ အခမဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။**



တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်မှုနည်းပညာပေးသင်တန်း။

အသေးစားကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို ဌာနမှစက်ပစ္စည်းများအား စနစ်တကျကိုင်တွယ်အသုံးပြု၍ လက်တွေ့တတ်မြောက်စေရန် သင်ကြားပေးခြင်း၊ GMP ၊ GHP နည်းစနစ်များဖြင့် ဘေးဥပဒ်ကင်းရှင်းစေမည့် ကုန်ထုတ်လုပ်ငန်းများဖြစ်လာစေရန် သင်ကြားပေးခြင်း၊ ဈေးကွက်ရရှိစေရန် ဆောင်ရွက်သင့်သည့်စီးပွားရေးဆိုင်ရာ အသိပညာများ ဆွေးနွေးပေးခြင်းများကို အောက်ဖော်ပြပါ လေ့ကျင့်ပျိုးထောင်ရေးစင်တာများတွင် ကျွမ်းကျင်သော နည်းပြများဖြင့် လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။

ထို့ပြင် လုပ်ငန်းစတင်လိုသူများကို အရင်းအနှီးရရှိစေရန် သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများ စနစ်တကျဖြစ်စေရန် လုပ်ငန်းမှတ်ပုံတင်ပေးခြင်း လုပ်ငန်းများလည်း တစ်ပါတည်း ဆက်စပ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

**ထုတ်လုပ်မှုနည်းပညာသင်တန်းများ**

**❑ အသေးစားကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို ဌာနမှစက်ပစ္စည်းများအား စနစ်တကျကိုင်တွယ်အသုံးပြု၍ လက်တွေ့တတ်မြောက်စေရန် သင်ကြားပေးခြင်း၊ GMP ၊ GHP နည်းစနစ်များဖြင့် ဘေးဥပဒ်ကင်းရှင်းစေမည့် ကုန်ထုတ်လုပ်ငန်းများဖြစ်လာစေရန် သင်ကြားပေးခြင်း၊ ဈေးကွက်ရရှိစေရန် ဆောင်ရွက်သင့်သည့် စီးပွားရေးဆိုင်ရာ အသိပညာများဆွေးနွေးပေးခြင်းများကိုအောက်ဖော်ပြပါ လေ့ကျင့်ပျိုးထောင်ရေးစင်တာများတွင် ကျွမ်းကျင်သော နည်းပြများဖြင့် လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်နိုင်သည် အထိ လေ့ကျင့်သင်ကြားပေးသွားမည်**

**တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများအနေဖြင့်** Bakery နှင့် Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်း၊ အဖျော်ယမကာ၊ ရေခဲမုန့်နှင့် အအေးအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဟင်းအရန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။

**လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများအနေဖြင့်** ဆပ်ပြာရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည် အမျိုးမျိုး၊လက်သန့်ဆေးရည် ၊ သွားတိုက်ဆေး၊ Mouth Wash ပြုလုပ်နည်းများသင်ကြားပေးမည်ဖြစ်သည်။

**အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများအနေဖြင့်** Snow ၊ Body Lotion ၊ မြန်မာသနပ်ခါးအမျိုးမျိုး၊ ပေါင်ဒါ၊ မိတ်ကပ်၊ မိတ်ကပ်ရည်၊ ခေါင်းလိမ်းဆီပြုလုပ်နည်းများ သင်ကြားပေးမည်ဖြစ်သည်။

**ယွန်းလက်မှုနည်းပညာသင်တန်းများ**

**ယွန်းလက်မှုထည်နည်းပညာသင်တန်းများအဖြစ်** အနက်ထည်ယွန်းနည်းပညာသင်တန်း၊ သားရိုးပန်းကြွယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်းနည်းပညာသင်တန်း၊ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။

**ရက်ကန်းဆိုင်ရာ နည်းပညာသင်တန်းများအဖြစ်** လွန်းရာကျအချိတ်သင်တန်း၊ လက်ရက်ကန်းသင်တန်း၊ ရွှေချည်ထိုး ငွေချည်ထိုးသင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်သင်တန်း၊ သဘာဝဆိုးဆေး/ဓာတုဆိုးဆေးသင်တန်း၊ လက်ရက်ကန်းဖဲနှပ်ကောက်သင်တန်း၊ စာစည်းကြိုးသင်တန်း၊ စက်ရက်ကန်းစက်ပြင် / စက်မောင်းသင်တန်း၊ လွန်းမဲ့စက်ရက်ကန်းပြုပြင်ထိန်းသိမ်းခြင်းသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။

**သစ်၊ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်သည့် နည်းပညာသင်တန်းများအနေဖြင့်** သစ်အခြေခံ ပရိဘောဂသင်တန်း၊ ဝါးအခြေခံလက်မှုထည်သင်တန်း၊ အုန်းမာလာခွံလက်မှုထည်ထုတ်လုပ်နည်းသင်တန်း၊ ပုသိမ်ထီးအချောထည်ထုတ်လုပ်နည်းသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။

**သံပန်း၊ သံတံခါးထုတ်လုပ်သည့် နည်းပညာသင်တန်းအဖြစ်** အခြေခံလျှပ်စစ် သံဂဟေဆက်သင်တန်းသင်ကြားပေးမည်ဖြစ်သည်။

**စက်မှုလက်မှုဆိုင်ရာစက်များအား ပြုပြင်ထိန်းသိမ်းသည့် နည်းပညာသင်တန်းအဖြစ်** အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းသင်တန်း၊ တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။

**အိမ်တွင်းလျှပ်စစ်သွယ်တန်းသည့် နည်းပညာသင်တန်းအဖြစ်** အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်း သင်ကြားပေးမည်ဖြစ်သည်။

**သင်တန်းသားဦးရေ ကန့်သတ်**

အဆိုပါသင်တန်းများ၏ သင်တန်းကြေးမှာ အခမဲ့ ဖြစ်ပြီး သင်တန်းဖွင့်လှစ်မှုများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်မှုရှိပါသဖြင့် တက်ရောက်လိုသူများသည် လေ့ကျင့်သင်ကြားရေးဌာန Incubation Centre တည်ရှိရာနေရာများသို့ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးချုပ်၊ နေပြည်တော်ကို ဆက်သွယ်ရန်အတွက်** စီမံခန့်ခွဲရေးဌာနခွဲ ဖုန်း -၀၆၇- ၃၄၁၀၃၉၇၊ စီမံကိန်းဌာနခွဲ ဖုန်း -၀၆၇- ၃၄၁၀၀၂၉၊ အသက်မွေးပညာဌာနခွဲ ဖုန်း -၀၆၇- ၃၄၁၀၂၇၃၊ စက်မှုလက်မှုဌာနခွဲ ဖုန်း -၀၆၇- ၃၄၁၀၂၄၆၊ သုတေသနဌာနခွဲ ဖုန်း -၀၆၇-၃၄၁၀၄၇၇ တို့သို့ ဆက်သွယ်ကာ သိလိုသည်များမေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများနှင့် ကျောင်းများသို့ ဆက်သွယ်ရန်လိပ်စာများအနေဖြင့်** မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ ယွန်းပညာကောလိပ် ဖုန်း -၀၆၁- ၆၀၂၆၇၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ လေးစုရပ်ကွက် ရေတွင်းညီနောင်ရပ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ဖုန်း-၀၂-၄၀၇၀၄၂၈၊ နေပြည်တော်ကောင်စီ ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနောက်ကျော ဖုန်း-၀၆၇-၈၁၀၆၂၉၆၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ရက်ကန်းကျောင်းလမ်း ဖုန်း-၀၇၄-၂၀၉၈၈၊ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ် (၄) မြစ်ကြီးနား ရက်ကန်းကျောင်းလမ်း ဖုန်း-၀၇၄-၂၅၂၆၆၀၇။

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါတမရပ်ကွက် ဝိဇ္ဇာလမ်းထိပ် ဖုန်း-၀၈၃-၂၄၀၀၉၇၊ လွိုင်ကော်မြို့ ဝိဇ္ဇာလမ်းထိပ် လွိုင်ကော်ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်း ဖုန်း-၀၈၃-၂၂၂၁၆၅၇၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅၂၈) (၄) ရပ်ကွက် သရဖီလမ်း ဖုန်း -၀၅၈- ၈၉၀၄၀၀၇၊ ဘားအံမြို့ အမှတ်(၄) ရပ်ကွက် ကမ်းနားလမ်း သရဖီလမ်းနှင့် သုခမိန်လမ်းထောင့် ဘားအံရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဖုန်း-၀၅၈-၂၁၆၀၇။

ချင်းပြည်နယ် ဟားခါးမြို့ ဈေး(၁)ရပ်ကွက် ဖုန်း-၀၇၀-၂၁၆၃၉၊ မင်းတပ်မြို့ ဘဝသစ်ရပ်ကွက် မင်းတပ်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဖုန်း-၀၇၀-၇၀၀၆၇၊ ဖလမ်းမြို့ ကျန်မွှာလ်ရပ်ကွက် ဗိုလ်ချုပ်လမ်း ဖလမ်းရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဖုန်း-၀၇၀-၄၀၀၉၄၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် မေတ္တာရိပ်မြုံလမ်း တိုင်းရင်းဆေးရုံအနီး ဖုန်း-၀၇၁-၂၆၅၈၀၊ မုံရွာမြို့ ဒေါနခြံရပ်ကွက် ထန်းတောစုတောင်ရပ် မုံရွာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဖုန်း-၀၇၁-၂၁၂၃၄။

*စာမျက်နှာ ၂၁ သို့*



ရက်ကန်းပညာသင်တန်း။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခေတ္တရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများအားလုံးတွင် (၈.၁၁.၂၀၂၁) ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြန်လည်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

**(က) ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုထုတ်ပေးခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ “ခ” ယာဉ်မောင်း လိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င”ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုမည့်သူများသည် Online Booking စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကြရန်ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး သင်တန်း၊ ရေးဖြေ ဖြေဆိုခြင်းနှင့် လက်တွေ့ယာဉ်မောင်းဖြေဆိုခြင်းများကို တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)တွင် ဖွင့်လှစ်လက်ခံ ဆောင်ရွက်ပေးသွားပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ [မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများဖြစ်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ ခရိုင်ရုံး (မန္တလေး မြောက်ပိုင်း)တို့မှအပ] တွင် ဖြေဆိုမည့်သူများသည် Online Booking ရယူရန် မလိုဘဲ သက်ဆိုင်ရာရုံးအစီအစဉ်ဖြင့် ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးသွားပါမည်။

**(ခ) ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း**

(၁) ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံးတွင် “က-၁” ယာဉ်မောင်းလိုင်စင်၊ “က” ယာဉ်မောင်း လိုင်စင်၊ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င” ယာဉ်မောင်းလိုင်စင် များကို Online Booking စနစ်ဖြင့် ရက်ချိန်းရယူပြီးမှ လက်ခံဆောင်ရွက်ပေးပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာ ရုံးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။

၂။ အောက်ပါကာလအတွင်း သက်တမ်းကုန်ဆုံးရက် ကျရောက်နေသော ယာဉ်မောင်းလိုင်စင်များအား ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၂၀ မှ ၃၀.၆.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၂၀ မှ ၃၀.၉.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၂၀ မှ ၃၁.၁၂.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၂၁ မှ ၃၁.၃.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၂၁ မှ ၃၀.၆.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၂၁ မှ ၃၀.၉.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၃။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ခြင်းကြောင့် ယာဉ်မောင်းလိုင်စင် သက်တမ်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် အောက်ပါယာဉ်မောင်းလိုင်စင်များသည် ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ရန်နှင့် ၎င်းသတ်မှတ်ကာလ ကျော်လွန်ပါက (၅)နှစ်ကျော် နှစ်ပြတ်လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၁၅ မှ ၃၀.၆.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၁၅ မှ ၃၀.၉.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၁၅ မှ ၃၁.၁၂.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၁၆ မှ ၃၁.၃.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၁၆ မှ ၃၀.၉.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၁၆ မှ ၃၀.၁၁.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၄။ ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ပြုထားသည့် သတ်မှတ်ကာလများအတွင်း အချိန်မီလာရောက် ဆောင်ရွက်ခြင်းမပြုပါက ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

❑ *ကျောဖုံးမှ*

### ပြိုင်ဆိုင်မှုပြင်းထန်

အတ္တလန္တာအသင်းနှင့် မန်ယူအသင်းတို့ အောက်တိုဘာ ၂၁ ရက်က တွေ့ဆုံခဲ့သည့် ပထမအကျော့ မန်ယူအိမ်ကွင်းတွင် မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း ယနေ့ပွဲစဉ်သည် ရမှတ်လိုအပ်ချက်အရ နှစ်သင်းစလုံး နိုင်ပွဲရရှိရေး ဦးတည်လာခဲ့ပြီး အပြန်အလှန်ထိုးဖောက်မှုများနှင့်အတူ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

အတ္တလန္တာအသင်းသည် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် အမှားများ မကြာခဏ ကျူးလွန်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် မန်ယူအသင်းခံစစ်မှ အသင်းခေါင်းဆောင် မက်ဂွိုင်းယားနှင့် ကွင်းလယ်မှ ပေါ့ဂ်ဘာတို့ အပျက်များနေခဲ့ပြီး တိုက်စစ်ကို ကောင်းမွန်စွာ ပံ့ပိုးနိုင်ခြင်း မရှိခဲ့ပေ။

ယနေ့ပွဲစဉ်အတွက် အဖွင့်ဂိုးကို အတ္တလန္တာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၂ မိနစ်တွင် ဇာပါတာ က သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဂိုး ရရှိနိုင်လောက်သည့် အခွင့်အရေးများကို အတ္တလန္တာအသင်းကသာ ပြုလုပ်နိုင်ခဲ့ပြီး မန်ယူအသင်းခံစစ်နှင့် ဂိုးသမား ဒီဂီယာတို့ ဟန့်တားရှင်းထုတ်နိုင်ခဲ့သည့်အတွက် မိနစ် ၅၅ ကျော်သည်အထိ သွင်းဂိုးများ ထပ်မံ မမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ ပွဲချိန် ၅၆ မိနစ်တွင် အတ္တလန္တာအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဇာပါတာက သွင်းယူပေးနိုင်ခဲ့သည်။

### အမှတ်ပေးဇယားကို ဦးဆောင်နိုင်

ပွဲချိန် ၆၉ မိနစ်တွင် မန်ယူအသင်းသည် ကစားအားကျလာသည့် ပေါ့ဂ်ဘာ၊ ရက်ဖို့ဒ်တို့ကို အနားပေးကာ မာတစ်၊ ကာဗာနီတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း၏ ကစားအား သိသိသာသာ တက်လာခဲ့ပြီး ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယ ချေပဂိုးကို ဒုတိယပိုင်း ပွဲချိန်ပြီးခါနီးတွင် ဂရင်းဝုဒ်၏ ဖန်တီးမှုမှ စီရော်နယ်ဒိုကပင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် စီရော်နယ်ဒိုသည် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၃၀၃ ပွဲတွင် ၁၂၇ ဂိုးအထိ ရှိလာခဲ့ပြီး ဥရောပပြိုင်ပွဲ၌ ပွဲတစ်ပွဲအတွင်း နှစ်ဂိုးနှင့်အထက် သွင်းယူနိုင်သည့် အသက်အကြီးအဆုံး မန်ယူကစားသမားလည်း ဖြစ်လာခဲ့သည်။ ထို့ပြင် အသက် ၃၆ နှစ်ရှိ စီရော်နယ်ဒိုသည် ၂၀၀၃ ခုနှစ် ဧပြီလ ရုဒ်ဗန် နစ္စတယ်ရွိုင်း နောက်ပိုင်း ချန်ပီယံလိဂ် လေးပွဲဆက် ဂိုးသွင်းယူနိုင်သူအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်အုပ်စု (F) တွင် ဗီလာရီးရဲအသင်းနှင့် ရမှတ် ၇ မှတ်တူ ထိပ်တိုက်တွေ့ဆုံမှုအသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

### အခြားသောပွဲစဉ်ရလဒ်များ

အခြားသောပွဲစဉ်ရလဒ်များတွင် ဝုဖ်ဘတ်က ဆောလ်ဘတ်ကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်ဆီးက မယ်လ်မို တစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ဘင်ဖီကာကို ငါးဂိုး-နှစ်ဂိုး၊ ဘာစီလိုနာက ဒိုင်နမိုကိဗ်ကို တစ်ဂိုး-ဂိုး မရှိ၊ ဗီလာရီးရဲက ယန်းဘွိုင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လိုင်လီက ဆီဗီလာကို နှစ်ဂိုး-တစ်ဂိုး၊ ဂျူဗင်တပ်စ်က ဇင်းနစ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်ကြီးများအား ငှားရမ်းခနှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းသွားမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်ကြီးများအား ငှားရမ်းခနှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

အဆိုပါ ကြော်ငြာဘုတ်ကြီးများတွင် လုပ်ငန်းရှင်များ၏ စီးပွားရေး ကြော်ငြာများ တပ်ဆင်ကြော်ငြာနိုင်ရန်အတွက် နေရာအမျိုးအစားပေါ်မူတည်၍ ငှားရမ်းခနှုန်းထားအသီးသီးဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိရာယင်း ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်ကြီးများအား မူလသတ်မှတ် ငှားရမ်းခ နှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းမည်ဖြစ်ကြောင်း၊ ငှားရမ်းလျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနတွင် စုံစမ်း၍ လျှောက်ထားနိုင်ပြီး ငှားရမ်းလိုသည့် ကြော်ငြာဘုတ်အား မြေပြင်ကွင်းဆင်းကြည့်ရှုကာ စီမံရေးရာဌာနတွင် လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် လည်းကောင်း၊ ငွေသွင်းချလန် ရယူ၍ မြို့တော်ဘဏ်၌ နေ့ချင်းပြီး အခွန်ငွေပေးသွင်း၍ ကြော်ငြာတပ်ဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့ ဆန်းချိ ရပ်ကွက် ပိတောက်လမ်း ဖုန်း-၀၅၉-၂၂၆၀၉၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဘောလုံးကွင်းရပ်ကွက် တောင်ငူလမ်း မြို့သစ်(ခ) ဖုန်း-၀၅၂-၂၂၀၁၂ ၉၃၊ ရွှေတောင်မြို့ သရက်တောရပ်ကွက်အပြင် ရှမ်းတန်းလမ်း ရွှေတောင်ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်း ဖုန်း-၀၅၃-၅၅၀၂၈၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ(ဃ) ရပ်ကွက် (၆) လမ်း မြင်းကင်းရွာ ဖုန်း-၀၉-၄၂၅၆၆ ၁၅၁၄၊ ပခုက္ကူမြို့ အမှတ်(၇) ရပ်ကွက် တပ်မလမ်း ပခုက္ကူရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်း ဖုန်း-၀၆၂-၂၁၁၅၅။

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ် (၈၂x၂၅) လမ်းထောင့် ဖုန်း-၀၂-၄၀၃၉၆ ၀၉၊ မိတ္ထီလာမြို့ ဈေးအရှေ့ပြင် ကန်သာယာ ရပ်ကွက် မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ဖုန်း-၀၆၄-၂၃၅၁၆၊ မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် အမှတ်(၅၂) ရတနာလမ်း ဖုန်း-၀၅၇-၂၀၂၄၆၉၈၊ မုဒုံမြို့ မြို့မတစ်ရပ် အေဗွီအမ်ရပ်ကွက် မုဒုံ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်း ဖုန်း-၀၅၇-၇၀၁၇၃။

ရခိုင်ပြည်နယ် စစ်တွေမြို့ ကန်တော်ကြီး အကွက် အမှတ် (၁) စက်ရုံစုရပ်ကွက် ကိုယ်ပွား သတင်းစာတိုက်အနီး ဖုန်း-၀၄၃-၂၀၂၂၇၉၆၊ စစ်တွေမြို့ မင်းဘာကြီး ဘောက်သီးစုရပ်ကွက် စစ်တွေ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်း ကျောင်း ဖုန်း-၀၉-၈၉၆၀၉၄၁၁၀။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၃၇) သုခမ္မာ လမ်းမကြီး ဖုန်း-၀၁-၆၆၅၈၀၆၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ မဂ်လာဦးရပ်ကွက် အရှေ့မြို့ပတ်လမ်း ဖုန်း-၀၈၁-၂၀၆၈၂၉ ၊ တောင်ကြီးမြို့ အမှတ်(၃၁၃) ရေအေးကွင်းရပ် အရှေ့မြို့ပတ်လမ်း တောင်ကြီး ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ ဖုန်း-၀၈၁-၂၁၂၁၆၁၄၊ ကျောက်မဲမြို့ အမှတ်(၈) ရပ်ကွက် ဖြူးရွာသစ် ကျောက်မဲရက်ကန်းနှင့် အသက် မွေးပညာသင်တန်းကျောင်း ဖုန်း-၀၈၂-၄၀၀၁၅၈၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေဝတ်မှုန်ရပ်ကွက် အမှတ်(၆၈) (၅)လမ်း ဖုန်း-၀၄၂-၂၈၂၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ထူထောင်လိုသူများအား ဖိတ်ခေါ်ဆန္ဒပြုအပ်ပါသည်။

## Shop.com ဝက်ဘ်ဆိုက်က ၁၁ ရက် ၁၁ လ အထူးဈေးရောင်းပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ၏ အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်များတွင် လူသိအများဆုံးဖြစ်သည့် Shop.com.mm ဝက်ဘ်ဆိုက်က စီစဉ်၍ 11.11 အထူးဈေးရောင်းပွဲကြီးကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထူးဈေးရောင်းပွဲတွင် shop.com.mm ဝက်ဘ်ဆိုက်၌ ဈေးရောင်းချနေသော ဆိုင်ပေါင်း ၅၀၀၀ ကျော်က ၎င်းတို့၏ ကုန်ပစ္စည်းအမျိုးမျိုးကို ကျပ်သိန်းပေါင်း ၅၀၀၀ ကျော်အထိ အထူးလျှော့ဈေးအစီအစဉ်များဖြင့် ရောင်းချသွားမည်ဖြစ်ကာ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၁၁ ရက် ၁၁ လ အထူးဈေးရောင်းပွဲနေ့အကြိုအဖြစ် Countdown Live အစီအစဉ်ကိုလည်း နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုရက်များအတွင်း shop.com.mm ဝက်ဘ်ဆိုက်တွင် သုံးကြိမ် ဈေးဝယ်ယူဖူးသူများအား ကံစမ်းမဲဖောက်ပေးခြင်း၊ အထူးဈေးရောင်းပွဲနေ့တွင် အသုံးပြုနိုင်မည့် လျှော့ဈေးကူပွန်များပေးခြင်း၊ ကျပ် ၁၁၀ ဖြင့် အထူးဆုကြီးများကံစမ်းနိုင်မည့် ကူပွန်များရောင်းချခြင်း၊ အက်ပလီကေးရှင်းကို ဝင်ကြည့်ရုံဖြင့် Max Energy ဆီဆိုင်များတွင် ဆီဖြည့်ပါက ကျပ် ၃၀၀၀ လျှော့ဈေးရနိုင်မည့် ကူပွန်များပေးခြင်း စသည်တို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးဈေးရောင်းပွဲနှင့် အကြိုအစီအစဉ်များတွင် ပါဝင်နိုင်ရန်အတွက် ဖုန်းများတွင် shop.com.mm အက်ပလီကေးရှင်းကို ထည့်သွင်းထားရမည်ဖြစ်ကာ အက်ပလီကေးရှင်းကို ပလေးစတိုးတွင် Shop 11.11 Shopping Festival ဟု ရိုက်ရှာ၍ ဒေါင်းလုပ်ဆွဲရယူနိုင်မည်ဖြစ်သည်။

**ကိုစိုး**

## PUBG: NEW STATE ဂိမ်းကို နိုဝင်ဘာ ၁၁ ရက်တွင် စတင်ကစားနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၃**




လူကြိုက်အများဆုံး အွန်လိုင်းဂိမ်းတစ်ခုဖြစ်သည့် PUBG ဂိမ်းကို အဆင့်မြှင့်တင်ထားသည့် ဂိမ်းသစ်ဖြစ်သော PUBG: NEW STATE ဂိမ်းကို နိုဝင်ဘာ ၁၁ ရက်တွင် တစ်ကမ္ဘာလုံး၌ တရားဝင် စတင်ကစားနိုင်တော့မည်ဖြစ်ကြောင်း ဂိမ်းထုတ်လုပ်သည့် KRAFTON, Inc. က အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ခဲ့သော PUBG: New State Media Showcase ပွဲ၌ ကြေညာခဲ့ကာ ဂိမ်းကို တရားဝင် မဖြန့်ဝေမီ နောက်ဆုံးထုတ်လုပ်သည့် စမ်းသပ်ဗားရှင်းကိုလည်း အောက်တိုဘာ ၂၉ နှင့် ၃၀ နှစ်ရက်ကြာ ဖြန့်ဝေပေးခဲ့သည်။

ဂိမ်း၏ နောက်ဆုံးစမ်းသပ်ဗားရှင်းကို နိုင်ငံပေါင်း ၂၈ နိုင်ငံအတွက် ထုတ်ပေးခဲ့ရာတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သဖြင့် ထိုနှစ်ရက်အတွင်း မြန်မာနိုင်ငံမှ PUBG ဂိမ်းဝါသနာရှင်များ စမ်းသပ် ကစားခဲ့ကြပြီးဖြစ်သည်။

လက်ရှိအချိန်တွင် စမ်းသပ်ကစားခွင့် ပေးထားသည့်ရက်ပြီးသွားပြီဖြစ်၍ ကစားလိုသူများအနေဖြင့် နိုဝင်ဘာ ၁၁ ရက်အထိ စောင့်ကာ ထိုနေ့တွင် တရားဝင်ဖြန့်သည့်ဗားရှင်းကို ဒေါင်းလုပ်ဆွဲပြီး သို့မဟုတ် လက်ရှိစမ်းသပ်ဗားရှင်းကို update လုပ်ပြီး ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

PUBG: NEW STATE ဂိမ်းသည် လက်ရှိကစားနေကြသော PUBG ဂိမ်းကို အဆင့်မြှင့်တင်ထားကာ ၂၀၅၁ ခုနှစ်ကို အခြေခံ၍ ရေးဆွဲထားသော ဂိမ်းဖြစ်သည်။ ဂိမ်းပလေးမှာ PUBG ကဲ့သို့ပင် ကျွန်းတစ်ခုပေါ်တွင် ရောက်နေသော အခြားကစားသူများကို ပစ်ခတ်ကာ မိမိအဖွဲ့သာ အသက်ရှင်ကျန်အောင် ကြိုးစားရသည့် Survival ဂိမ်းအမျိုးအစားဖြစ်သည်။

ဂရပ်ဖစ်ပိုင်းတွင်မူ PUBG ထက် များစွာ ပိုမိုကောင်းမွန်သလို ဂိမ်းအတွင်း၌လည်း ကစားသူစိတ်ကြိုက် ပြောင်းလဲတပ်ဆင်နိုင်သော လက်နက်အသစ်အဆန်းများ၊ အမျိုးအစားစုံလင်သော ယာဉ်အမျိုးမျိုးနှင့် ထူးခြားဆန်းသစ်သော ပြောင်းလဲမှုအများအပြား ပြုလုပ်ထားသည်။

PUBG: NEW STATE ကို ထုတ်လုပ်သည့် တောင်ကိုရီးယားဂိမ်းကုမ္ပဏီ Krafton အနေဖြင့် ဂိမ်းကို RAM 2GB ရှိသော ဖုန်းများတွင် ကစားနိုင်သည်ဟု ဆိုထားသော်လည်း နောက်ဆုံးစမ်းသပ်ဗားရှင်းကို ကစားပြီးသော ပြည်တွင်းမှ ဂိမ်းကစားသူများ၏ အတွေ့အကြုံအရ ဂိမ်းကို အနည်းဆုံး RAM 4GB ရှိမှသာ အဆင်ပြေရုံ ကစားနိုင်ကြောင်းနှင့် ဂိမ်း၏ အမြင့်ဆုံးဂရပ်ဖစ်အရည်အသွေးဖြစ်သည့် Ultra နှင့် အမြင့်ဆုံး Frame Rate ဖြစ်သည့် Ultra သို့မဟုတ် Max တွင် ကစားမည်ဆိုလျှင် အနည်းဆုံး RAM 6GB နှင့်အထက်၊ Frame Rate 80 Hz နှင့်အထက်ရှိသော ဖုန်းများမှသာ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## ပထမဆုံး မျက်နှာပြင်အောက်ကင်မရာ ပါဝင်လာပေမယ့် အားနည်းချက်ရှိနေတဲ့ Xiaomi Mix 4

Xiaomi Mix 4 ဟာ Xiaomi ကထုတ်တဲ့ ဖုန်းတွေအားလုံးထဲမှာ ပထမဆုံးအနေနဲ့ မျက်နှာပြင်အောက်ကင်မရာ ပါဝင်လာတဲ့ဖုန်း ဖြစ်ပါတယ်။ မျက်နှာပြင်အောက်ကင်မရာ နည်းပညာသစ်နဲ့အတူ ကမ္ဘာ့ပထမဆုံး ၁၀၈ မဂ္ဂါပစ်ဇယ်ကင်မရာ၊ Snapdragon 888 CPU ၊ 120W အမြန်အားသွင်းစနစ်နဲ့ ကြိုးမဲ့အားသွင်းစနစ်တို့ အပါအဝင် မြင့်မားတဲ့ အခြားစွမ်းဆောင်ရည်တွေလည်း ပါဝင်နေတဲ့ တန်ဖိုးမြင့်ဖုန်းတစ်လုံး ဖြစ်ပါတယ်။ Mi Mix 4 ကို တရုတ်နိုင်ငံတွင်းဈေးကွက်မှာ ဩဂုတ်လကုန်ပိုင်းက စရောင်းပေမယ့် ပြည်တွင်းဈေးကွက်ထဲကိုတော့ အောက်တိုဘာလကုန်ပိုင်းမှ ဝင်ရောက်လာတာဖြစ်ပါတယ်။ Mi Mix 4 ဖုန်းရဲ့ အဓိကအချက်တွေကို ဖော်ပြလိုက်ပါတယ်။



| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင်အမျိုးအစား | AMOLED, 120Hz |
| Resolution | 1080 x 2400 pixels |
| မျက်နှာပြင်အကာအကွယ် | Gorilla Glass Victus |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI 12.5 |
| Chipset | Snapdragon 888+ 5G(5 nm) |
| CPU | Octa–core |
| RAM & Memory | 8/128, 8/256, 12/256, 12/512 |
| ပင်မကင်မရာ | 108 + 8 + 13 MP(Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 20 MP(wide)(Under–display) |
| USB | USB Type–C 2.0 |
| ဘက်ထရီ | Li–Po 4500 mAh, |
| အားသွင်းစနစ် | Fast charging 120W, Wireless 50W |

Xiaomi ရဲ့ Mix ဖုန်းစီးရီးတွေဟာ စွမ်းဆောင်ရည်မြင့်သလို Mi Mix 4 ဟာလည်း စွမ်းဆောင်ရည်ပိုင်းမှာ အထူးကောင်းမွန်ပေမယ့် ပထမဆုံး နည်းပညာသစ်ဖြစ်တဲ့ မျက်နှာပြင်အောက်ကင်မရာပိုင်းမှာတော့ အားနည်းချက်တွေရှိနေတယ်လို့ နိုင်ငံတကာက သုံးသပ်ချက်တွေအရ သိရပါတယ်။ ၂၀ မဂ္ဂါပစ်ဇယ် ဆယ်လ်ဖီကင်မရာဟာ ပုံမှန်ဆိုရင် အရည်အသွေးအကောင်းဆုံး ဓာတ်ပုံတွေကို ရိုက်ကူးနိုင်ရမှာဖြစ်ပေမယ့် ဒီဖုန်းမှာတော့ မျက်နှာပြင်အောက်ကင်မရာ နည်းပညာက အဆင်မပြေသေးဘဲ ဆယ်လ်ဖီကင်မရာရဲ့ ပုံထွက်အရည်အသွေးဟာ ရှိသင့်တာထက်နိမ့်နေတယ်လို့ နိုင်ငံတကာ သုံးသပ်ချက်တွေက ဆိုထားပါတယ်။ ဈေးနှုန်းက လက်ရှိ ပြည်တွင်းဈေးကွက်မှာတွေ့ရတဲ့ 8/256 ဖုန်းအတွက် ကျပ် ၁၅ သိန်းကျော်ဖြစ်ပါတယ်။


**ကိုစိုး**

## နေ့ရက်အလိုက် သမိုင်းဝင်အဖြစ်အပျက်တွေကို သိရှိနိုင်မယ့် On this day အက်ပလီကေးရှင်း

ဒီနေ့ နိုဝင်ဘာ ၄ ရက်ဟာ ပေါ်တူဂီ ဂန္ထဝင်ဘောလုံးသမား လူးဝစ်ဖီဂိုရဲ့ အသက် ၄၉ နှစ်ပြည့်မွေးနေ့ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမား ၂၀၀၈ ခုနှစ်က ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာတဲ့နေ့ဖြစ်ပါတယ်။ ပနားမားနိုင်ငံရဲ့ နိုင်ငံတော်အလံနေ့လည်း ဖြစ်ပါတယ်။

ဒီနေ့ဟာ ဘယ်နိုင်ငံတွေရဲ့ ဘယ်လိုအထိမ်းအမှတ်နေ့တွေ သို့မဟုတ် အားလပ်ရက်တွေဖြစ်တယ်၊ ဒီနေ့မှာ ကမ္ဘာကျော်အဖြစ်အပျက်တွေ ဘာတွေဖြစ်ခဲ့တယ်၊ လူသိများ ထင်ရှားသူတွေထဲက ဘယ်သူတွေ မွေးဖွားခဲ့တယ်၊ သေဆုံးခဲ့တယ် ဆိုတာတွေကို ဖုန်းကနေတစ်ဆင့် နေ့တိုင်းသိရှိနိုင်ဖို့ On this Day အက်ပလီကေးရှင်းကို သုံးနိုင်ပါတယ်။ ဒီအက်ပလီကေးရှင်းထဲမှာ အထက်ပါ အချက်အလက်တွေကို ဆယ်စုနှစ်အလိုက်၊ ရာစုနှစ်အလိုက် ပုံတွေနဲ့တကွ ကြည့်ရှုနိုင်ပြီး အသေးစိတ်သိချင်တဲ့ အချက်အလက်တွေရှိရင်လည်း တိုက်ရိုက်သွားကြည့်နိုင်မယ့် Link တွေ ပါဝင်ပါတယ်။ On this Day ဆိုပေမယ့် လက်ရှိရောက်နေတဲ့ရက်တင်မဟုတ်ဘဲ ပြက္ခဒိန်ပေါ်က ကြိုက်ရာရက်ကို ထောက်ပြီးတော့လည်း ကြည့်ရှုနိုင်ပါတယ်။ လက်ရှိရောက်နေတဲ့ရက်ကိုတော့ Notification ပါ ပြပေးမှာဖြစ်ပြီး Notification ကို နေ့စဉ် ဘယ်အချိန်မှာ ပြစေချင်တယ်ဆိုတာ ရွေးချယ်ပေးနိုင်ပါတယ်။

On this Day အက်ပလီကေးရှင်းကို ပလေးစတိုးမှာ On this day. Historical calendar လို့ ရိုက်ရှာပြီး အခမဲ့ ဒေါင်းလုပ်ရယူနိုင်ပါတယ်။ ဖိုင်ဆိုက်က 4MB လောက်ပဲရှိပြီး အန်းဒရွိုက်ဗားရှင်း 4.1 နဲ့အထက်




ဖုန်းတိုင်းမှာ အသုံးပြုနိုင်ပါတယ်။ အက်ပလီကေးရှင်းကို အသုံးပြုဖို့ အင်တာနက်လိုင်းကိုတော့ လိုအပ်မှာဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## ပဲခူးတိုင်းဒေသကြီး၌ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်



**ပဲခူး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာသည့်အပြင် ပွင့်လင်းရာသီလည်း ရောက်ရှိလာပြီဖြစ်၍ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁ ရက် က ပြုလုပ်သော ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)တွင် ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသည့်အပြင် ပွင့်လင်းရာသီလည်း ရောက်ရှိလာပြီဖြစ်၍ တိုင်းဒေသကြီးအတွင်း ယခင်ကထက်ခရီးသွားများ ပိုမိုလာရောက်ကြမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်လည်ပတ် တည်းခိုနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းကဏ္ဍအသီးသီးတွင် ကျန်းမာရေးနှင့်ပတ်သက်၍ လုံခြုံစိတ်ချမှုရှိအောင် ကြိုတင်ပြင်ဆင်ပေးထားရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလည်း ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း၊ ခရီးစဉ်ဒေသတစ်ခုတည်းမှာ ခရီးသွားဧည့်သည်များ စုပြုံသွားလာလည်ပတ်မှု မရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်း အခြားစိတ်ဝင်စားဖွယ် ခရီးစဉ်ဒေသအသစ်များကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက (၁/၂၀၂၁) အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဟိုတယ်လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားခြင်းနှင့် ဟိုတယ်လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြကာ ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးသည်။ **တင်စိုး(ပဲခူး)**

## စေတုတ္တရာမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**စေတုတ္တရာ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့က ကြီးမှူးပြီး ကျေးလက်နေပြည်သူများအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို နိုဝင်ဘာ ၁ ရက်က စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းဇော်ထွန်းက ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးနှင့် ဝင်ငွေတိုးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမ ဒေါ်နုရွှေစင်က သင်တန်းတွင် လက်ဆေးဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ ရေမလိုလက်သန့်ဆေး၊ ခေါင်းလျှော်ရည်၊ ဘက်စုံသုံးဆပ်ပြာ၊ ဆပ်ပြာမှုန့်နှင့် အခြေခံမျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး ပြုလုပ်နည်းများကို လက်တွေ့အသုံးချနိုင်သည်အထိ စနစ်တကျ သင်ကြားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။ **အထွေး**

## ဆားလင်းကြီးမြို့နယ် ကျေးရွာလေးရွာ၌ သောက်သုံးရေရရှိရေး အဝီစိစက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည်

**ဆားလင်းကြီး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရရှိစေရန် ရည်ရွယ်၍ မိုးကြိုးပြင်၊ ကျိုင်းခမောက်၊ ဆင်ဖြူချည်၊ ညောင်ပင်တို ကျေးရွာလေးရွာ၌ အဝီစိစက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ခြောက်လတာ ကာလအတွင်း ပြည်ထောင်စု မွမ်းမံခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိုးကြိုးပြင် ကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ကန် တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်း၊ ကျိုင်းခမောက်ကျေးရွာတွင် လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တစ်ခု တည်ဆောက်ခြင်း၊ ရေစက်ရုံတစ်ခု တည်ဆောက်ခြင်း၊ ဆင်ဖြူချည် ကျေးရွာတွင် လေးလက်မ အဝီစိစက်ရေတွင်း တစ်တွင်း တူးဖော်ခြင်း၊ ပန့်တပ်ဆင်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်း၊ ညောင်ပင်တိုကျေးရွာတွင် လေးလက်မ အဝီစိစက်ရေတွင်း တစ်တွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တစ်ခု တည်ဆောက်ခြင်း၊ ရေစက်ရုံ တစ်ခုတည်ဆောက်ခြင်း၊ မီးလိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခြောက်လတာ ကာလအတွင်း ပြည်ထောင်စု၊ မွမ်းမံခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဝင်းထံမှ သိရသည်။



အဆိုပါ ကျေးရွာ၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာ၌ရှိသည့် အိမ်ခြေ ၉၄၅ အိမ်မှ လူဦးရေ ၅၁၀၀ အတွက် သောက်သုံးရေ ရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**




## ပခုက္ကူမြို့နယ် ကုန်သည်ပွဲစားများအသင်း ပြန်လည်ဖွင့်လှစ်မည်

**ပခုက္ကူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုန်သည်ပွဲစားများအသင်း (ကုန်စည်ဒိုင်)ကို ကိုဗစ်-၁၉ ရောဂါများ များပြားလာသည့်အတွက် ယာယီပိတ်ထားခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့နည်းလာသည့်အတွက် ပြည်သူများ အရောင်းအဝယ်အဆင်ပြေနိုင်စေရန် နိုဝင်ဘာ ၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

ကုန်စည်ဒိုင်အတွင်းသို့ နံနက် ၆ နာရီမှ နံနက် ၁၁ နာရီခွဲအထိ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ အသင်းဝင်နှင့်ကိုယ်စားလှယ်တစ်ဦးအား အရောင်းအဝယ်ပြုလုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ် ကုန်သည်ပွဲစားများအသင်းထံမှ သိရသည်။

**ဟိန်းသူ(ပြန်/ဆက်)**

## မွန်ပြည်နယ်အစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(မော်လမြိုင်)၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)
## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ)တို့တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ် (၆)လအတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | တည်နေရာ |
|---|---|---|
| ၁ | အုတ်ခြံစည်းရိုးတည်ဆောက်ခြင်း (၁၅၀၀'x၇') (အုတ် ၄'+သံပန်း ၃') (RC Post & RC Ground Beam) | နည်းပညာတက္ကသိုလ် (မော်လမြိုင်) |
| ၂ | 11/0.4 KV, Transformer 500 KVA (on load tap changer)+11 KV Over Head Line (1000')+400V Over Head Line (1000') တပ်ဆင်သွယ်တန်းခြင်းလုပ်ငန်း | ကွန်ပျူတာတက္ကသိုလ် (သထုံ) |

၂။ တင်ဒါပုံစံများကို ၈-၁၁-၂၀၂၁ရက် (တနင်္လာနေ့)မှ စတင်၍ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ဘဏ္ဍာရေးဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ပြသလျက် သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၈-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ နောက်ဆုံးတင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ် (မော်လမြိုင်) ဘဏ္ဍာရေးဌာန ဖုန်း ၀၉-၄၅၆၅၅၅၅၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ် (မော်လမြိုင်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ်(ITCSD-၁၆ / ၂၀၂၁)(Mini)

၁။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ်၊ မတ်လအထိ (၆)လကာလအတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| Lot-1 | Security Incident Response Platform စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey) |
| Lot-2 | Cooling System စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey) |
| Lot-3 | Generator and Electrical System စက်ပစ္စည်းများ ဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်း (Turnkey) |
| Lot-4 | Wireless Access Point and Network Infrastructure System စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey) |

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၁ရက် (သောကြာနေ့)
၃။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၆-၁၂-၂၀၂၁ရက် (တနင်္လာနေ့)
၄။ **တင်ဒါပုံစံ တစ်စုံကျသင့်ငွေ(ကျပ်)** - Lotတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀/-
၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၇။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၈-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီအထိ

၈။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၇၇၅၃နှင့် အမျိုးသားဆိုက်ဘာ လုံခြုံရေးဗဟိုဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၂၂၆၃၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း အများသိစေရန် ကြေညာခြင်း

ချောင်းဆုံမြို့နယ်၊ တိုးချဲ့(၈)ရပ်ကွက်၊ ဘီအိုစီလမ်း၊ အိမ်အမှတ်(၃၂)နေ ဦးချော်တား ၁၀/ခဆန(နိုင်)၁၅၄၃၄၇နှင့် ဒေါ်တင်တင်ရီ(ခ)မငယ် ၁၀/ခဆန(နိုင်)၁၅၄၃၄၈ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏သားဖြစ်သူ မောင်စိုးမြင့်အောင်(ခ)ဇင်မိုး ၁၀/ခဆန(နိုင်) ၁၅၉၉၈၅သည်မိဘများအား ရိုင်းပြစွာ ကြိမ်းမောင်းဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲပြုလုပ်ကာ အရှက်တကွဲ ကိစ္စရပ်များ ပြုလုပ်သည့်အပြင် ဆိုဆုံးမမှုအား နာခံခြင်းမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း၊ ယခင်ကလည်း (၂၉-၁၀-၂၀၁၆)ရက် မြန်မာ့အလင်းသတင်းစာတွင်လည်း သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာစာတစ်ကြိမ် ထည့်သွင်းထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများအနေဖြင့် နောက်နောင် မောင်စိုးမြင့်အောင်(ခ)ဇင်မိုးနှင့် ပတ်သက်သော ကိစ္စရပ်အဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘုန်းဇေယျစိုး(LL.B)Advocate** | **ဒေါ်ဖြူဖြူရွှေသိန်း(LL.B)** |
| **(စဉ်-၉၀၅၉)(၂၃-၅-၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၃၈)၊ ယုဇနလမ်း၊ ကွင်းရပ်၊** | **(စဉ်-၁၅၂၃၅)(၂၇-၁၂-၂၀၁၈)** |
| **မော်လမြိုင်မြို့** | **အမှတ်(၁၇၃၃)၊ ဇေတဝန်ရပ်၊** |
| **ဖုန်း-၀၉-၄၃၀၇၁၃၇၃** | **မုတ္တမ၊ ပေါင်မြို့၊** |
| | **ဖုန်း-၀၉-၄၂၅၂၈၆၅၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အကွက်အမှတ်နှင့် အမည် ၆-က/လမ်းမကျယ်၊ ဦးပိုင်အမှတ် ၆၃/င၊ ဧရိယာ (၀.၁၆၃) ဧကရှိ အရှေ့-ဦးပိုင်အမှတ် ၆၃/ဃ၊ အနောက်-ဦးပိုင်အမှတ်-၆၂+၆၀/ခ၊ တောင်-ဦးပိုင်အမှတ်-၇၆၊ မြောက်-ဗိုလ်မှူးဖိုးကွန်းလမ်း အလားလေးရပ်အတွင်းရှိ ဦးသန့်ဇင်ပါ ၅ ဦး အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဦးသန့်ဇင်၊ ဒေါ်စုမြတ်အေးတို့၏ မောင်နှမနှစ်ဦး အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်မတိုင်မီ တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးသန့်ဇင်၊** | **ဒေါ်စုမြတ်အေး** |
| **၇/တငန(နိုင်) ၁၄၀၁၇၅** | **၇/တငန(နိုင်) ၁၆၈၄၀၉** |

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ၊ မြေကွက်အမှတ် ၄၃၈ ပီ၁/၁၇ ဘီ၂ နှင့် ၄၇၂ အိပ်ချ်/၁၇၊ ဧရိယာ ၀ဒသမ၁၃၂+ ၀ဒသမ ၀၁၇+လမ်းဧရိယာ ၀ဒသမ ၀၄၉) စုစုပေါင်းဧရိယာ ၀ဒသမ၁၉၈ ဧကရှိ မြေအမျိုးအစား-မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၈/က၊ စောမဟာလမ်း၊ ယခင်ကာဝတ်ဂျီပတ်လမ်း၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းစိန် (ဘ)ဦးကျော်ရှိန် ၉/အမရ(နိုင်)၀၈၁၂၉၆မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် မှတ် ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၇၁/၂၀၂၀ (၂၂-၆-၂၀၂၀)ဖြင့် ဦးစိုးတင်မောင်ဇော်(ဘ)ဦးစိန်မောင် ၁၄/ပတန(နိုင်)၀၆၇၃၃၂သို့ လွှဲအပ်ထားခြင်းအား ခွင်းချက်မရှိ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းစိန် ၉/အမရ(နိုင်)၀၈၁၂၉၆**
**ဖုန်း-၀၉-၅၀၁၅၅၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက် အမှတ် (၂၄၃)၊ မြေဧရိယာ ၀ဒသမ၀၅၇ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ အင်းဝ (၃)လမ်း၊ အမှတ် (၂၄၃)ဟုခေါ်တွင်သော (၂ ၁/၂)ထပ်တိုက် အဆောက်အအုံတစ်လုံး၊ အိမ်သုံး/လုပ်ငန်းသုံး၊ လျှပ်စစ်မီတာ တစ်လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စိုးစိုး(ခ)ဒေါ်အောင်ကျော်ထွေး ၁၂/ဥကတ(နိုင်)၀၀၉၀၈၃၊ အမှတ် (၂၄၃)၊ အင်းဝ (၃)လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ လဂွန်းအိမ်လမ်း၊ အမှတ် (၁၁၄၄)နေ ဒေါ်မေရီဂျန် ၁၀/မလမ(နိုင်) ၁၀၄၂၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၄)လမ်းရှိ မြေကွက်အမှတ်(၁၇၄၉)၊ ပေ(၄၀x၆၀)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးမာမက်ယူနွစ်ထံမှ ဒေါ်မေရီဂျန်က ဝယ်ယူရန်အတွက် (၃၁-၁၀-၂၀၂၁) ရက်တွင် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်မြေဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်မေရီဂျန်ထံသို့ဖြစ်စေ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဒေါ်မေရီဂျန်မှ အပြီးသတ်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့်(LL.B,H.G.P)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)**
**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၈၇၀၀၇၄၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုဒုံမြို့နယ်တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| ၁။ ဦးစိုးမိုးနောင် | **နှင့်** | ၁။ ဦးကျော်ရဲဝင်း |
| ၂။ ဒေါ်ဇာခြည်ဦး | | ၂။ ဒေါ်လှိုင်းထက်ဆန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ပိန္နဲကုန်းရပ်၊ လမ်းမကြီး(၈)၊ အမှတ်(၂၁)နေ ဦးကျော်ရဲဝင်းနှင့် ဒေါ်လှိုင်းထက်ဆန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုများဖြစ်သည့် ဦးစိုးမိုးနောင်၊ ဒေါ်ဇာခြည်ဦးတို့က ချေးငွေ(၁၀၀၀၀၀၀၀/-)(ငွေကျပ်သိန်းတစ်ရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၃ ရက် (၁၃၈၃ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာလာအောင်)**
**မြို့နယ်တရားသူကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀ဒသမ၁၄၆ဧကရှိ မြေကွက်အမှတ် (ပ-၁၈၉၀)၊ ဦးသိန်းဌေးဦး ၁၀/ဘလန(နိုင်)၀၂၅၄၄၂ (ဘ)ဦးမောင်ရီ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးတေဇအောင် ၇/ပမန(နိုင်)၁၂၇၂၄၉ (ဘ)ဦးဖြိုးဝေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈၉/၂၁-၉-၂၀၂၁) တင်ပြ၍ ဦးအောင်ထွန်းလင်း ၉/မမန(နိုင်)၀၁၂၉၆၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါ က ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄၁

| | | |
|---|---|---|
| ၁။ ဒေါ်ကြည်ကြည်သန်း (ကိုယ်တိုင်နှင့် (၂) (၃) (၄) (၅) တရားနိုင်တို့၏ အခွင့်ရကိုယ်စားလှယ်နှင့် ကွယ်လွန်သူ ဦးထွန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်) | **နှင့်** | ဦးစိုးဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးလင်း) |
| ၂။ ဦးစိန်ကြည် (ခ) Mr. Cheng Shing Chi (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးထွန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်) | | |
| ၃။ Mr.Huang Shu Li | | |
| ၄။ ဒေါ်နှင်းဝင့်ကျော် (၃၊ ၄ တရားနိုင်တို့သည် ကွယ်လွန်သူ ဦးလှဝင်း(ခ) Mr.Cheng Tich Chuan ၏ တရားဝင်ကိုယ်စားလှယ်များ) | | |
| ၅။ ဦးသန်းဝင်း (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးထွန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်) | | |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံး** |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၁၈၆/၂၀၁၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်-

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၁၈၂/၁၈၆ (မြေညီထပ်)အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး
လေလံကြမ်းခင်းဈေးကျပ်သိန်း (၃၀၀၀) တိတိ(ကျပ်သိန်းသုံးထောင်တိတိ)

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြု ရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်း ချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေး လိုက်သည်။

**(ဇော်မင်းထွဋ်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အလက(၁) သတ္တမတန်းမှ မသော်တာဇင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း E/DGN MTT ၀၁၃၀၃၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2991 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4L/4714 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၇၆၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းလတ် ၁၀/မလမ(နိုင်)၂၁၀၃၀၆ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၄၃၇၊ မြေကွက်တည်နေရာအမှတ် (၁၄၃၇)၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးလှစိန် ၁၂/ကတတ(နိုင်)၀၀၃၅၇၆ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပါ ဦးလှစိန်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးသက်ကိုကို ဇော် ၁၄/ဘကလ(နိုင်)၁၇၆၂၆၈ မှ ပါမစ်မူရင်း (မူရင်းတံဆိပ်မပါပါ၊ ခတ်ပုံမိတ္တူမှန်တံဆိပ်ပါပါသည်)၊ စာချုပ်တို့တင်ပြ၍ နှစ် ၆၀ မြေငှား(ဂရန်)လျှောက်ထားလာခြင်း ဖြစ်ပါသည်။ ပါမစ်အမည်ပါ ဦးလှစိန်ထံမှ အရပ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးသက်ကိုကိုဇော်မှ ပါမစ်မူရင်းတံဆိပ်မပါ ပါမစ်ရှိ ပူးတွဲပါခတ်ပုံမှာ မိတ္တူမှန်တံဆိပ်ပါတင်ပြ၍ နှစ် ၆၀ မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ရွှေဝတ်မှုံနေ ဒေါ်သက်သက်ဆွေက ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်( ၅၂)၊ ရွှေဝတ်မှုံအကွက်၊ ဦးပိုင်အမှတ်(၆၆-က)၊ ဧရိယာ(၀ဒသမ၀၉၃)ဧကရှိ ဂရန်မြေကို မြေငှားဂရန် သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၁)ရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ် ၈/၂၄ နေ (ဦးခင်မောင်)-ဒေါ်ခင်အေးသန်းတို့၏သားဖြစ်သူ မောင်ကျော်သူရ ၉/ပမန(နိုင်)၁၃၄၅၂၆သည် မိဘ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘကို စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက် သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင် -ဒေါ်ခင်အေးသန်း**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Qiaochang Modern Agriculture Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Close Friend Co.,Ltd မှ Myanmar Max Agro Service Co.,Ltd သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်- Myanmar Max Agro Service Co.,Ltd ဖုန်း-၀၉- ၄၄၈၀၄၅၁၂၂။

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Qiaochang Haloxyfop-P-methyl | Haloxyfop-P-methyl 108g/l EC | P2021-5261 |

ကံမြင့်
အုပ်ချုပ်မှုဒါရိုက်တာ
ကလို့(စ်)ဖရင့် ကုမ္ပဏီလီမိတက်

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၆၁)၊ ၁၅လမ်း၊ ၈၇x၈၈လမ်းကြားနေ ဒေါ်ခင်စန်းငွေ (ဘ)ဦးစိုးမောင် ၉/မနမ(နိုင်)၀၃၇၈၀၂ နှင့်ဒေါ်သူဇာမျိုးမျိုးဝင်း(ဘ) ဦးမျိုးဝင်း ၉/မနမ(နိုင်)၁၁၃၃၀၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးဝင်း၏ဇနီး ဒေါ်ခင်စန်းငွေ နှင့်သမီးဖြစ်သူ ဒေါ်သူဇာမျိုးမျိုးဝင်း တို့သည် နေတံဆိပ် "ဝင်း" ထုံးလုပ်ငန်းကို မန္တလေးမြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ စာချုပ်အမှတ် (၈၇/၁၉၈၀) ဖြင့် ၂၇-၁၁-၁၉၈၀ ရက်ကတည်းက မှတ်ပုံတင်၍ မိသားစုပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ၎င်းနောက် ပူးတွဲဖော်ပြပါ ကုန်အမှတ်တံဆိပ်အတိုင်း "ဝင်း" စာလုံး၏ဘယ်ဘက်အထက်ထောင့်တွင် "နေတံဆိပ်အမှတ်အသား"နှင့်"ဝင်း" စာလုံး၏အောက်ဘက်တွင် ထုံးလုပ်ငန်းမှ ထုတ်လုပ်သော "ကြွေထုံး" ဟူသည့် စာတမ်းပါအမှတ်တံဆိပ်ကို မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်၍ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၃၆၉/၂၀၀၉) ဖြင့် ၁၁-၈-၂၀၀၉ ရက်တွင် တရားဝင်မှတ်ပုံတင်ပြီး ကြွေထုံးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ "ဝင်း"ကြွေထုံးအမည်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကြွေထုံးလုပ်ငန်းသည် ကျွန်ုပ်၏ မိတ်ဆွေများ မူပိုင်အမှတ်တံဆိပ်အဖြစ် တရားဝင်အသုံးပြုလျက်ရှိပါသဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ တုပပြုလုပ်ခြင်းမပြုကြပါရန်နှင့်ထိုသို့ ပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေများ၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်ဝင်းအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၀၀၆၁( ၂၉-၇-၂၀၁၄)
တိုးချဲ့(၁)၊ မှန်တန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၁-၂၀၂၁ ရက်ထုတ် စာမျက်နှာ (၃၀)တွင်ပါသော ကန့်ကွက်နိုင်ကြောင်း ဒေါ်သန္တာကျော် အစား ဒေါ်သဥ္စာကျော် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄၄ယ/၈၂၈၈၉Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်အောင် ၉/ပမန(နိုင်)၂၄၅၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့၊ မြို့မရပ်၊ ကမ်းနားလမ်းနေ ကျွန်မ ဒေါ်မြင့်မြင့် ၈/ခမန(နိုင်)၁၀၅၀၇၈ က အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်မြင့်မြင့်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်လွင် ၈/ခမန(နိုင်)၁၀၄၈၃၄ တို့မှာ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ခန့်မှ စတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်စဉ်အတွင်း ခင်ပွန်းဖြစ်သူ ဦးအောင်လွင်မှာ ၅-၁၀-၂၀၂၁ရက်တွင် နေအိမ်မှ အကြောင်းမဲ့သက်သက် ၎င်း၏သဘောဆန္ဒအလျောက် ထွက်သွားပါသည်။ ယခုအချိန်အထိ ဆက်သွယ်၍လည်း မရရှိပါ။ ထို့ကြောင့် ကျွန်မဒေါ်မြင့်မြင့် အနေဖြင့် ဦးအောင်လွင်အား လင်ယောကျာ်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မိသားစုပိုင်ဆိုင်မှုများလည်း မသက်ဆိုင်တော့သည့်အပြင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်
၈/ခမန(နိုင်)၁၀၅၀၇၈
ချောက်မြို့နယ်၊ စလေမြို့၊
မြို့မရပ်၊ ကမ်းနားလမ်း

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၉)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ ဦးပိုင်အမှတ်(၂၀)၊ အာရ်စီ(၂)ခန်းတွဲ (၆)ထပ်တိုက်မြေညီထပ်ခိုးပါ အဆောက်အဦ၏ အနောက်ဘက်ခြမ်း အကျယ်အဝန်း (၁၅x၅၀)ပေ ဒုတိယထပ်ရှိ အခန်းအမှတ်(A-3) တိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်ခွင့်နှင့်ရေ-လျှပ်စစ်မီး(ဆက်လက်သုံးစွဲခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများ ဖြစ်ကြသည့် ဦးဝင်းမြင့် (ဘ)ဦးသာဒင် ၉/ကပတ(နိုင်)၀၃၀၉၃၀နှင့်ဒေါ်သီတာနှင်း (ဘ)ဦးလှမောင် ၉/မကန(နိုင်)၀၄၁၁၄၁ တို့ထံမှ ဦးရဲမင်းနိုင် (ဘ)ဦးရဲမြင့် ၉/ခအဇ(နိုင်)၀၀၄၂၄၄ ကဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သော ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးရဲမင်းနိုင်(ဘ) ဦးရဲမြင့် | ဦးဝင်းအေး(LL.B) |
| ၉/ခအဇ(နိုင်)၀၀၄၂၄၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၅၂/၂၀၁၇) |
| မြို့သစ်(၂)ရပ်ကွက်၊ အကွက်(ဆ-၅)၊ | အကွက်(၁၈)၊ အမှတ်(၅၉)၊ ၅၁(အေ)၊ |
| ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | ၁၀၄(အေ)x၁၀၅လမ်းကြား၊ |
| ဖုန်း-၀၉-၉၅၉၃၄၁၃၂၉ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၄၀၂၅၈၉၈၅၉ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်ကွက်၊ အကွက်အမှတ်(မ-၂)၊ ဦးပိုင်အမှတ်(၃၅/၃၆)၊ မြေယာအမှတ်(35-36)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧ၊ မြို့မြေဂရန်အမှုတွဲအမှတ်(၄၆၃/၁၉၉၆-၉၇)၊ ဦးအေးသန်း အမည်ပေါက်မြေနှင့် မြေပေါ်ရှိအဆောက်အအုံ၊ လျှပ်စစ်မီတာ အပါအဝင် ၎င်းမြေကွက်ပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပြတ်ဝယ်ယူရန်အတွက် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(မ-၂)၊ အကွက်အမှတ်(၃၅/၃၆)နေ ဦးသိန်းဆန်း ၉/အမဇ(နိုင်)၀၀၀၈၈၄ ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၆၆)
အခန်း(၂၉)၊ ပြည်တော်သာ(၂x၃)လမ်းကြား၊ အလက(၂)တိုက်တန်း၊
ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၇၈၂၀၄၆၇၃၉

**မိဘ အမည်မှန်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် အထက-မန်ခိန် စတုတ္ထတန်းမှ မမေရီ၏ မိဘအမည်မှန်မှာ ဦးစောရွှေ ၁/မကန(နိုင်)၀၁၃၀၇၀နှင့် ဒေါ်ဝေါမီး ၁/မကန(နိုင်)၀၄၈၀၅၃ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

### တောင်ငူခရိုင်တရားရုံးတော်၌

### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၃၁

| | | |
|---|---|---|
| ဦးအောင်နိုင်(ခ)ပေဂူမာဆာမိ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ထက်အောင်) | နှင့် | ၁။ ဦးအေးချမ်းညို ၂။ ဒေါ်ရိုဇာလင်း |
| **တရားလို** | | **တရားပြိုင်များ** |

ယခင်အမှတ်(၄-က)ရပ်ကွက်၊ ဆွာတောင်ပိုင်း၊ ဆွာမြို့၊ ရေတာရှည်မြို့နယ်နေ (၁)တရားပြိုင် ဦးအေးချမ်းညို၊ (၂) တရားပြိုင် ဒေါ်ရိုဇာလင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ် တရားလိုက သံထည်ပစ္စည်းဖိုးများကျန်ငွေ ၂၇၆၅၄၀၀၀ိ/ကျပ် (ငွေကျပ်သိန်းနှစ်ရာ ခုနစ်ဆယ့် ခြောက်သိန်း ငါးသောင်း လေးထောင်)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃ရက် (၁၃၈၃ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမာလာခင်)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ငူခရိုင်တရားရုံး

## ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ (၁၇)ရပ်ကွက်၊ စံပါယ်မြိုင်လမ်းသွယ်(၁)လမ်း၊ အိမ်အမှတ်(၅၁၆/က)၊ မြေအရောင်းအဝယ်အား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၇)၊ အမှတ်(၅၁၆/က)၊ စံပါယ်မြိုင်လမ်းသွယ်(၁)လမ်း၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကို ရန်ကုန်မြို့တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်နှင်းအေးခင် ၁၂/ဗတထ(နိုင်)၀၂၇၁၄၅ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချသူ ဒေါ်နှင်းအေးခင် ၁၂/ဗတထ(နိုင်)၀၂၇၁၄၅ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လင်းလင်းထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၅၃)
အမှတ်(၁၃၇)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၄၂၆၄၉၈၉၁၀

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/1099 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နိုင်နိုင်မော်၉/မတရ(နိုင်)၁၇၆၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၅ရပ်ကွက်၊ လွတ်လပ်ရေး(၁)လမ်း၊ အမှတ်၅၄၀(ခ) ပါမစ်မြေကို ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဝဏ္ဏအောင် ၁၂/ခရန(နိုင်)၀၉၉၅၉၆ ထံမှ ကျွန်တော် ဦးသန်းအောင် ၁၂/မဂဒ(နိုင်)၀၉၆၁၁၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသန်းအောင်
ဖုန်း-၀၉-၄၂၀၀၆၄၄၉၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အိမ်အမှတ်(၁၄)နေ ဦးမင်းလွင်၏သား ဦးကျော်စွာမင်း(ခ)မင်းမင်း ၁၀/မလမ(နိုင်)၁၃၀၇၂၁ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘပိုင်အိမ်ရှိ ပစ္စည်းများကို မိဘများ မရှိခိုက်ယူဆောင်၍ ၂၈-၉-၂၀၂၁ ရက်တွင် အိမ်မှဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဘ)ဦးမင်းလွင်
မော်လမြိုင်မြို့

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၉၊ ဦးပိုင်အမှတ်(မ-၅၉)၊ ဧရိယာ(အရှေ့အနောက် ပေ၆၀၊ တောင်မြောက် ပေ၈၀) အကျယ်အဝန်းရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးသီဟဇော် (ဘ)ဦးကျော်ကျော် ၉/မရတ(နိုင်)၁၂၇၈၄၁ထံမှ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝဏ္ဏကျော်(LL.B)(DIL) အထက်တန်းရှေ့နေ(စဉ်-၅၀၂၇၁)
အကွက် ၃၉၄၊ ကျောက်ဆစ်ပုံရပ်ကွက်၊ ၄၁လမ်း၊
၉၀x၉၁ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၉၇၁၀၇၉၄၉၁

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

### အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၃၇၃

### မန္တလေးတရားရုံးတော်

### ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ် ၄၄

### ကွယ်လွန်သူ ဦးသန်းကို ၌ကျန်ရစ်သောပစ္စည်းအကြောင်း

| | |
|---|---|
| ဒေါ်ခင်မေသန်း | ဦးတင်မောင်အေး |
| **လျှောက်သူ** | **လျှောက်ထားခံရသူ** |

အကွက်(၁၉၀)၊ ၂၄x၈၉လမ်းထောင့်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်ခင်မေသန်းက ကွယ်လွန်သူ ဦးသန်းကို၏ ညီမဖြစ်သည်ဟူ၍ အကွက်(၁၉၀)၊ ၂၄x၈၉လမ်းထောင့်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးသန်းကိုမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသန်းကိုမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ခုနှစ် နိုဝင်ဘာ ၁၂ ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်သူ ဒေါ်ခင်မေသန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်နေ ဦးတင်ငွေ-ဒေါ်ခင်မြဝင်းတို့၏သမီးဖြစ်သူ မအေးအေးမြင့်(ခ)ကြည်မန်ငုတ် ၁/မကန(နိုင်)၀၇၉၁၄၇သည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိသားစုကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ၁၄-၉-၂၀၂၁ရက်မှစ၍ ယနေ့ထိတိုင်အောင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘများ** - ဦးတင်ငွေ-ဒေါ်ခင်မြဝင်း
**မောင်နှမများ** - ဦးသိန်းဟန်၊ ဒေါ်ဖြိုးဖြိုးမြင့်၊ ဒေါ်ရီရီမြင့်၊ ဦးခင်မောင်ငွေ

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီဝင်း(စဉ်-၂၃၁၄၅)
၉/သစန(နိုင်)၀၀၀၇၈၁
တရားလွှတ်တော်ရှေ့နေ
မန္တလေးမြို့
ဖုန်း-၀၉-၂၀၁၂၃၈၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ တိုက်-၂၁၈၊ အခန်း(၂၀၁/က)၊ ၃လွှာဝဲဘက်ခန်း၊ (၁၇'x၆၀') တိုက်ခန်းအား ဒေါ်ခင်စန်းမြင့် ၁၃/လလန(နိုင်)၀၃၉၃၀၃ က တရားဝင်လက်ရှိပိုင်ဆိုင်၍ရောင်းချခွင့်ရှိသူ ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မိုးအောင် LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၈) (၂၃-၁-၂၀၁၄)
အမှတ်(၁၆-A.1)၊ အရိယမဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၁၂၂၇၃

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ပေပင်စမ်းကျေးရွာအုပ်စု၊ တည်ပင်ကန်ကျေးရွာ၊ အိမ်အမှတ် (၁၈၃)နေ ဒေါ်လှလှဝင်း (ဘ)ဦးသာစိန် ၈/မကန(နိုင်)၁၀၅၇၇၅၆ သည် ဦးသန်းဝင်း (ခ)ဦးဗိုလ်ထွန်းနှင့်အိမ်ထောင်ကျပြီးနောက် သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးသန်းဝင်း(ခ)ဦးဗိုလ်ထွန်းမှာ ၂၀၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ မကွေးမြို့နယ်၊ ပေပင်စမ်းကျေးရွာအုပ်စု၊ တည်ပင်ကန်ကျေးရွာရှိ အမှတ်(၁၈၃)ဟုခေါ်တွင်သော အိမ်ဝင်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ ပေပင်စမ်းကျေးရွာအုပ်စုအတွင်းရှိ ဒေါ်လှလှဝင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသော လယ်ယာမြေအားလုံးမှာ ကွယ်လွန်သူ ဦးသိန်းဝင်း(ခ)ဦးဗိုလ်ထွန်း၏ ဇနီးဖြစ်သူ ဒေါ်လှလှဝင်းမှ တရားဝင်အမွေဆက်ခံကျန်ရှိသော ပစ္စည်းများဖြစ်၍ အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပိုင်ပိုင်နှင်းအေး(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ
အမှတ်-ဒီ(၂၅)၊ သစ္စာလမ်း၊ ကန်သာရပ်၊ မကွေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၆/က-၂-၂-အေ)၊ (၁-က-၂-၂-အေ)၊ အကျယ်အဝန်း (၁၀၇ပေxပေ၇၀) ၀ ဒသမ ၁၇၁ဧကရှိ မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းမြင့် (ခ) ချောင်ဟာမွန်း ၁၂/လမန(ဧည့်)၀၀၀၂၅၁ ထံမှ (၅၂ပေxပေ၇၀)ရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်း ၉/ပမန(နိုင်)၀၄၄၈၁၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စွာဝင်း(LL.B, LL.M)
အထက်တန်းရှေ့နေ(စဉ်-၄၅၀၉၁/၂၈-၁၁-၂၀၁၄)
အမှတ် ၄၅၂၊ သုတ ၂လမ်း၊ ၄ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၂၇၇၂၃

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)/(စက်မှု)/(လျှပ်စစ်)/(စက်/လျှပ်)ရာထူး နေရာများအတွက် ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် ၃/၂၀၂၁
## ၂၀၂၁ခုနှစ် နိုဝင်ဘာ ၃ရက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)/(စက်မှု)/(လျှပ်စစ်) စုစုပေါင်း(၈၇)နေရာတို့အတွက် ၁၆-၁၀-၂၀၂၁ရက်တွင် ရေးဖြေစာမေးပွဲနှင့် ၁၇-၁၀-၂၀၂၁ရက်တွင် လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူ ၈၂ ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**ရွေးချယ်ခံရသူများ၏ ခုံအမှတ်များ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| C-1 | C-2 | C-3 | C-5 | C-6 | M-1 | M-2 | M-3 | M-4 | M-5 |
| M-6 | M-7 | M-8 | M-9 | M-11 | M-12 | M-13 | M-14 | M-15 | M-16 |
| M-17 | M-18 | M-19 | M-20 | M-22 | M-23 | M-24 | M-25 | M-26 | M-27 |
| M-28 | M-29 | M-30 | M-31 | M-32 | M-33 | M-34 | E-2 | E-6 | E-7 |
| E-8 | E-9 | E-13 | E-14 | E-15 | E-16 | E-18 | E-21 | E-27 | E-29 |
| E-32 | E-33 | E-38 | E-39 | E-41 | E-42 | E-44 | E-48 | E-49 | E-51 |
| E-52 | E-54 | E-57 | E-61 | E-62 | E-63 | E-68 | E-73 | E-76 | E-83 |
| E-85 | E-89 | E-90 | E-91 | E-93 | E-94 | E-95 | E-96 | E-97 | E-107 |
| E-108 | E-112 | | | | | | | | |

၂။ အဆိုပါရွေးချယ်ခံရသူများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ စီမံခန့်ခွဲရေးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၁၁-၂၀၂၁ရက် (၁၆:၀၀)နာရီထက် နောက်မကျစေဘဲ သတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)

(ဒဂုံမြို့သစ်)
ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များဝယ်လိုသည်
Ph : 09420963466

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6249 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/7547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၃-၁၁-၂၀၂၁ရက်ထုတ်မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၆)ပါ ဒေါ်အေးအေးငြိမ်း (အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် "တိုက်အမှတ် (၃၇၇) ပထမထပ်အစား" တိုက်အမှတ် (၃၇၇) တတိယထပ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်7P/9572 DONGFENG K01 (P/U) 4x2 ယာဉ် လက်ဝယ်ရှိသူ ဒေါ်မြအေး ၁၄/ကကထ(နိုင်)၁၂၄၆၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6N/1215 Suzuki Carry P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၇/သကန(နိုင်)၀၈၃၄၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(ခ)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁၅၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်အမှတ်တွဲအမှတ် (၇၆/၂၀၁၀-၂၀၁၁) အရ ဒေါ်နှင်းနှင်းမော်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးမျိုးအောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄/၂၀၂၀)ဖြင့် ဒေါ်သန်းသန်းဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေးဒေါ်သန်းသန်းဝင်း ၆/မအရ(နိုင်)၀၃၂၄၄၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်(၄၂၉)နေ (ဘ)ဦးစိန်ဖိုး၏ သမီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့ ၁၂/သကတ(နိုင်)၀၃၂၅၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်း၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဇောခိတောင်ကွက်၊ ဦးပိုင်အမှတ်(၃/က)၊ ဧရိယာ ၀ ဒသမ ၁၅၀ ဧကအကျယ်ရှိ ဦးဂျေအက်စ်အင်ဒရူး အမည်ပေါက် လ/န-၃၉ ရရှိပြီး မြေကွက်အား သန်လျင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် ၃၉/၉၀ အရ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးခင်ဇော်လတ် (ဘ) ဦးမြတ်စိုး ၁၂/ပဘတ(နိုင်)၀၀၆၆၀၅ ထံမှ ကျွန်မတို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း၊ အထောက်အထား (မူရင်း)အပြည့်အစုံဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အရောင်းအဝယ်စာချုပ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B) | ဒေါ်ခိုင်သူဇာဝင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၈၉၄၉/၂၀၁၃ | စဉ်-၉၇၃၄/၂၀၁၄ |
| ဖုန်း-၀၉-၄၂၁၀၅၃၁၁၀ | ဖုန်း-၀၉-၄၂၁၀၅၃၁၀၁ |

**(ရုံးခန်း)ရန်ကုန်တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၆)လမ်း၊ တိုက်အမှတ်(၁၂၃/ခ)ဟုခေါ်တွင်သော အလျားပေ၂၀xအနံပေ၆၀ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃ ၁/၂)ထပ်တိုက် အဆောက်အအုံမှ ဒုတိယထပ်(၁၈'x၅၅')ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင့်နန္ဒာထူး ၁၀/ပမန(နိုင်)၁၅၆၄၆၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု(မူရင်း)အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထိန်လင်းအောင်(LL.B) | ဒေါ်ဇင်မာသက်(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၅၁၂၂၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၇) |

**အမှတ် ၅၀၊ အခန်း(A-၂၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၀၅၃၀၅၄**

## အများသိစေရန်

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ မြို့သစ်-၁၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ်-၂/၁၃၂၇ (၂၅ပေx၅၀ပေ) မြေကွက်၏ မြေချပါမစ်အမည်ပေါက် မိသားစုမှ ဒေါ်မြင့်မြင့်မော်အား အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခဲ့ပါသည်။ အဆိုပါမြေကွက်သည် ဒေါ်မြင့်မြင့်မော်မှသာ တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ရေးဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မြင့်မြင့်မော်**
**၁၂/ဆကခ(နိုင်)၀၀၇၉၅၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဇော်မင်းထွဋ် | ဒေါ်နှင်းအိအိဇော် |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၅၀၅၇၈/၂၈-၁၂-၂၀၁၈ | စဉ်-၅၁၅၇၁/ ၃၀-၈-၂၀၁၉ |

**အမှတ်(၁၂၄)၊ ၁၈-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်အတွင်း ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ်မတ်လအထိ (၆)လအတွင်းနေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတန်ဖိုးကျပ်သန်း (၁၀၀)အထက် လုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း(၄)ခု နှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း (၂)ခုတို့အတွက် တင်ဒါပေးသွင်းနိုင်ကြောင်းဖိတ် ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၁ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၃-၁၂-၂၀၂၁ရက်

(ဂ) **တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး)၊ ဇေယျာသီရိမြို့နယ်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖုန်း-၀၆၇-၈၉၈၅၀၀၂ တွင် နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်အား ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ၊ ဇေယျာသီရိမြို့နယ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်၊ ကွက်သစ်(၁)ရပ်ကွက်၊ ကရဝိတ်(၈)လမ်း၊ အမှတ်(၁၄၂)နေ ဒေါ်နီနီအောင် ၇/ပမန(နိုင်)၁၂၀၉၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီအောင်နှင့်ခင်ပွန်း ဦးဝင်းနိုင်(ကွယ်လွန်)တို့၏ သားဖြစ်သူ မောင်မျိုးဝေယံနိုင် ၇/ပမန(နိုင်)၂၀၁၈၈၂ သည်မိခင်နှင့်အစ်မတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် မိခင်နှင့်အစ်မတို့ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအားပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည်မိသားစုနှင့် သက်ဆိုင်ခြင်းမရှိဘဲ ယင်းကိစ္စများအားတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေသိမ်း(ခ) မြတ်စုရည်LL.B, M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၉/၂၀၁၇)**
**အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၄)လမ်း၊ အမှတ်(၅၄၉)၊ မြေအကျယ် (၂၀ ပေ x ၆၀ပေ)ရှိ အိမ်၊ ခြံ၊ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်နီနီအောင် ၁၂/ဥကမ(နိုင်)၁၇၃၃၈၁ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည်**
**LL.B, CBL, DBL, DIL**
**အထက်တန်းရှေ့နေ (စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ ၁ လမ်း၊ (ဠ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၄၉၈ တွင်နေထိုင်သူ ဦးသိန်းထွဋ် ၁၂/လကန(နိုင်)၀၀၇၉၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးသိန်းထွဋ်နှင့် ဒေါ်ခင်လေးမြင့်တို့၏ သားဖြစ်သူ မောင်အောင်ကျော်ရဲဟိန်း ၁၂/ဒဂတ(နိုင်)၀၅၈၇၉၇သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲစေရန် ပြုမူသဖြင့် မောင်အောင်ကျော်ရဲဟိန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်အောင်ကျော်ရဲဟိန်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဦးသိန်းထွဋ်နှင့်သက်ဆိုင်ခြင်း မရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ (LL.B) (စဉ်-၁၁၄၄၅/၂၀၁၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၅၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/4148 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မူချော ၁၂/ဒဂန(နိုင်) ၀၀၀၉၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ် (၅၉)နေ (ဦးအောင်မြို့)-ဒေါ်လှတင် ၁၂/ကမတ(နိုင်)၀၁၄၄၇၈ တို့၏ သားဖြစ်သူ မောင်ဘုန်းမြတ်(ခ)ဘုန်းကျော် ၆/ထဝန(နိုင်) ၁၁၀၁၆၆သည် မိဘများဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ အကြိမ်ကြိမ်ကျူးလွန်ပြီး မိဘများဂုဏ်သိက္ခာကျအောင်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဒေါ်လှတင် ၁၂/ကမတ(နိုင်)၀၁၄၄၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၅၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်ခင်သဉ္ဇာကျော်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၈၇)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးမင်းမင်းအောင် (ဘ)ဦးအောင်မြင့် ၁၄/ဟသတ(နိုင်)၀၄၉၄၆၀မှ ဒေါ်ခင်နှင်းဖြူ (ဘ)ဦးကျော်သိန်းမြင့် ၉/မထလ(နိုင်)၁၇၀၃၃၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၄၈)၊ မြတ်လေးနှင့် ပိတောက်လမ်းကြား၊ ၅၀x၅၁ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှဲလှဲမော် ၉/မရတ(နိုင်)၀၄၅၁၈၁ က တောဂရန်မူရင်းမြေဖိုး ၊ လမ်းဖိုးငွေသွင်းပြေစာမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ် (၂၉၈၁/၂၀၂၀-၂၀၂၁)ဖြင့်တောမှ မြို့ပြောင်း/ဂရန်မိတ္တူ/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၄၊ ထမွနဲကွင်း၊ ဦးပိုင်အမှတ်(၄၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ၁၀-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၀၃၁/၂/၄-၁၁/ခရအ(မြိတ်)အရ ဦးတင်မိုး၊ ဒေါ်အေးဝင်းတို့အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးတင်မိုး ၆/ဘပန(နိုင်)၀၀၁၁၁၀၊ ဒေါ်အေးဝင်း ၁၀/ဘလန(နိုင်)၀၁၄၉၃၃တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁၀(က)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၆၂/၂၀၁၉-၂၀၂၀)အရ ဦးနိုင်လင်း၊ ဦးကျော်ဖြိုးအောင် တို့အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူတို့အနက် ဦးနိုင်လင်းနှင့် ဦးကျော်ဖြိုးအောင် ၏အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးနိုင်လင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၈၄/၂၀၂၁) ဖြင့် ဦးတေဇထွန်း၊ ဒေါ်အေးယုယုမွန် တို့၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးစိုးနိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးတေဇထွန်း၊ ဒေါ်အေးယုယုမွန် တို့၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးစိုးနိုင်မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၀၀)၊ မြေယာအမှတ် (400)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေးဒေါ်ဖြိုးဖြိုးအောင်မြင့် ၉/ခမစ(နိုင်)၀၂၅၁၅၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၈၉)၊မြေယာအမှတ် (89)၊ မြေဧရိယာ ၀ ဒသမ ၀၂၂၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေးဒေါ်စု ၁၃/တကန(နိုင်)၀၀၄၆၈၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အောက်ကင်းအနောက်ရွာနေ ဦးမြင့်လွင် ၆/တသရ(နိုင်)၀၀၅၈၆၄၊ ဒေါ်သန်းကြည် ၆/တသရ(နိုင်)၀၃၁၇၅၀ တို့၏သား မောင်အောင်ကိုထွေးသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းအောင် ပြုလုပ်နေပါသဖြင့် ၃၁-၁၀-၂၀၂၁ ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးမြင့်လွင်-ဒေါ်သန်းကြည်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၈)၊ ဦးပိုင်အမှတ်(၅)(ခဲစင်း)၊ ၆၃x၆၄ လမ်းကြား၊ သခင်ဖိုးလှနှင့် ယောမင်းကြီးကြားရှိ ဦးရဲဝင်းမြင့်အမည်ပေါက် ဂရန်မြေကွက်အား ဦးရဲဝင်းမြင့်၊ ဒေါ်ဖြူဖြူဝင်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၀၂/၂၀၀၂)ဖြင့် ဒေါ်ဆွေဆွေရီမှ ဝယ်ယူခဲ့ပြီး ဒေါ်ဆွေဆွေရီထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၅၉၈/၂၀၂၀) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခိုင်မာဝေ ၉/အမဇ(နိုင်) ၀၀၃၅၃၀က သက်တမ်းတိုး၊ ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားခဲ့ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီးထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဟိုပင်မြို့၊ မြသီတာ (အထက)၊ Grade 10(C) မှ မောင်ဝဏ္ဏထက်၏ ဖခင် အမည်မှန်မှာ ဦးစိုးနိုင် ၁/မကန(နိုင်)၀၂၆၈၄၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၄-က)၊ မြေဧရိယာ ၀ ဒသမ ၂၁၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအာဇင်း ၉/မမန(နိုင်)၀၂၂၆၃၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6K/4613 HYUNDAI COUNTY Mini Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုရတနာမြင့် ၁၂/ဒဂတ(နိုင်)၀၂၆၉၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9F/6002 Isuzu TFR 54 P/U (4x2) R Ertra Cab ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမျိုး ၈/ပမန(နိုင်)၀၈၃၃၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၄၃ /၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် )

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ရန်အလို့ငှာ အခြေပစ္စည်းနှင့် ကုန်ပစ္စည်းရောင်းခြင်း၊ ဝယ်ခြင်း၊ လွှဲပြောင်းခြင်းများအတွက် ငွေပေးချေမှု၊ ဝန်ဆောင်မှုအတွက် ငွေပေးချေမှုနှင့် အခြားငွေပေးချေမှုများ ပြုလုပ်ရာတွင် တစ်ကြိမ်လျှင် ငွေသားဖြင့် ပေးချေမှုကို ကျပ်သိန်း ၂၀၀ ထက်မပိုစေရ။ ထိုပမာဏထက် ပိုသည့် မည်သည့်ပေးချေမှုများအတွက်မဆို ဘဏ်စနစ်အသုံးပြု၍ ဒစ်ဂျစ်တယ်ငွေပေးချေမှုနည်းလမ်းများဖြစ်သော မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)၊ အင်တာနက်ဘဏ်လုပ်ငန်း (Internet Banking) ဖြင့် ပေးချေခြင်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ ချက်လက်မှတ်/ငွေပေးအမိန့်လွှာ (PO) များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းပေးချေခြင်း (Account Transfer) နှင့် ငွေသားဖြင့် ဘဏ်သို့ပေးသွင်းပြီး ငွေပေးသွင်းပြီးကြောင်း စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ငွေပေးချေခြင်းနည်းလမ်းများကို အသုံးပြုရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။ ဤအမိန့်ကြော်ငြာစာကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

သန်းညိန်း
ဥက္ကဋ္ဌ

## ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အကြမ်းဖက်သမားများက စာသင်ကျောင်းများ မီးရှို့ဖျက်ဆီး၊ မိုင်းထောင်ဖောက်ခွဲ



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီး ဖောက်ခွဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယခုအခါ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုများအပေါ် ယုတ်မာပက်စက်သိမ်ဖျင်းသေးနုပ်သောအကြံဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ အထိတ်တလန့်ဖြစ်စေရန်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖

## စီရော်နယ်ဒို၏ သွင်းဂိုးနှစ်ဂိုးဖြင့် အတ္တလန်တာကွင်း၌ မန်ယူ သရေကျခဲ့



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စု ပွဲစဉ်(၄)အဖြစ် အတ္တလန်တာ အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက အတ္တလန်တာအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ(ယာပုံ) တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အတ္တလန်တာအသင်းအတွက် သွင်းဂိုးများကို အီလီဆစ်နှင့် ဇာပါတာတို့က သွင်းယူပေးပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို စီရော်နယ်ဒိုက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၂၁ ကော်လံ ၁* ❑

## ယနေ့ သ တင်း အ ညွှန်း

**ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေးဟောပြောနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးကို အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်**

ပြည်တွင်းသတင်း စာ - ၁၂

.....................

**နိုင်ငံတော်စီးပွားရေးဖြစ်ထွန်းမှု အထောက်အကူဖြစ်စေရန် အသေးစားစက်မှုလက်မှုလုပ်ငန်း ထူထောင်လိုသူများအား အခမဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်**

ဆောင်းပါး စာ - ၂၀